# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 11 September 2024 ၁၁၅၇၇


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ဆောင်းရာသီ ဆီထွက်သီးနှံစိုက်ပျိုးမှုတွင် နေကြာကို လျာထားချက်ထက် ၁၀၉၆၉ ဧက တိုးချဲ့စိုက်ပျိုးသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၀**

ရန်ကုန် တိုင်းဒေသကြီးအတွင်း ယမန်နှစ်ဆောင်းရာသီ၌ ဆီထွက်သီးနှံဧက ၈၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီး ယခုနှစ်ဆောင်းရာသီတွင် ၁၉၈၇၂ ဧက စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်၏ လမ်းညွှန်မှုနှင့်အညီ တစ်နှစ်ထက်တစ်နှစ် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်ရာ၌ ယခုနှစ်ဆောင်းရာသီတွင် နေကြာ ဆီထွက်သီးနှံအား လျာထားချက်ထက် ၁၀၉၆၉ ဧက တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**အဓိကထားစိုက်ပျိုးမည်**

ဆီထွက်သီးနှံများကို ခရိုင်ခုနစ်ခုရှိ မြို့နယ်ပေါင်း ၁၄ မြို့နယ်တို့တွင် နေကြာ၊ မြေပဲနှင့် နှမ်းကို အဓိကထား စိုက်ပျိုးသွားမည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍



ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆောင်းရာသီသီးနှံ နေကြာစိုက်ခင်းကိုတွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**


သင်သေသွားသောအခါ ......
ဆောင်းပါး စာမျက်နှာ » ၈

ပုပ္ပားတောင်ဒေသအား နိုင်ငံတကာအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုခံရရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်
စာမျက်နှာ » ၉

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ ပြန်လည်ရောက်ရှိ
စာမျက်နှာ » ၁၇




## မြန်မာ့ထွက်ကုန်ပဲကြီးများ ပြည်တွင်း ပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိ

**မန္တလေး စက်တင်ဘာ ၁၀**

မြန်မာ့ထွက်ကုန်ပဲကြီးများ မန္တလေးဈေးကွက်အတွင်း၌ ယခုရက်ပိုင်းအတွင်း ပြည်တွင်း၊ ပြည်ပဝယ်လိုအားကြောင့် အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း မန္တလေးပဲကုန်သည်များထံမှ သိရသည်။

အဆိုပါ ပဲကြီးများသည် ဈေးကွက်အတွင်းသို့ နယ်စုံဒေသမှဝင်ရောက်လာပြီး အရောင်းအဝယ်များ ကောင်းမွန်လျက်ရှိကြောင်း၊ ယခုလအတွင်း၌ ပြည်တွင်း၊ ပြည်ပဝယ်လိုအား များပြားလာမှုကြောင့် ပဲကြီး(အကြီး)၊ ပဲကြီး(အလတ်)နှင့် ပဲကြီး(အသေး) များ အရောင်းအဝယ်ကောင်းမွန်ပြီး ဈေးကောင်းများ ရရှိနေကြောင်း မန္တလေးမြို့မှ စိုးဝင်းမြင့် ပွဲရုံပိုင်ရှင် ဦးစိုးဝင်းမြင့်ထံမှ သိရသည်။

“ပဲကြီးက ပြည်တွင်းမှာလည်း မြန်မာလူမျိုးတွေ ကြိုက်နှစ်သက်စွာ စားသုံးကြတဲ့ ပဲအမျိုးအစားဖြစ်တဲ့အပြင် ပဲကြီးကနေ တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ပဲကြီးလှော်၊

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❂

ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ( ၁၉ ) ရက်သာ လိုတော့သည်။

ကြေးမုံ

# အမျိုးသားအားကစားဖြင့် နိုင်ငံတော်၏ဂုဏ်ကို မြှင့်တင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် "တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး" ဆိုသည့်အချက်ကို ချမှတ်ထားသည်။ နိုင်ငံတော်အနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို မြှင့်တင်အားပေး ဆောင်ရွက်လျက်ရှိရာ အားကစားကဏ္ဍမှတစ်ဆင့် လူငယ်လူရွယ် ပြည်သူအားလုံး ကျန်းမာကြံ့ခိုင်ရေးသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နှင့် နိုင်ငံ့ဂုဏ်မြှင့်တင်နိုင်ရေးတို့ကိုပါ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ၌ အားကစားကဏ္ဍကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာတွင် နှစ်အလိုက်၊ ရာသီအလိုက်၊ ကဏ္ဍအလိုက် အားကစားပြိုင်ပွဲအမျိုးမျိုးကို အဆက်မပြတ် ကျင်းပပေးလျက်ရှိသည်။ အားကစားအမျိုးအစား တစ်ခုချင်းအလိုက်ပြိုင်ပွဲ၊ ကျောင်းသားအားကစားပြိုင်ပွဲ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အားကစားပြိုင်ပွဲ၊ ဝန်ကြီးဌာနအလိုက် အားကစားပြိုင်ပွဲ၊ နိုင်ငံတကာပြိုင်ပွဲစသည်ဖြင့် အားကစားပြိုင်ပွဲများကို ပါဝင်ယှဉ်ပြိုင်ကျင်းပပေးလျက်ရှိရာ ထူးချွန်သော အားကစားသမားများ၊ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အဆက်မပြတ် ပေါ်ထွက်ပြီး အားကစားကဏ္ဍကို မြှင့်တင်ပေးနိုင်ခဲ့သည်။

အားကစားကဏ္ဍ၌ ပြိုင်ပွဲအားလုံး၏ အမြုတေသည် အမျိုးသားအားကစားပြိုင်ပွဲ ဖြစ်ပေသည်။ အားကစားပြိုင်ပွဲအမျိုးအစားများ၊ ပြိုင်ပွဲဝင်အားကစားသမားအရေအတွက် အများဆုံးပါဝင်ယှဉ်ပြိုင်နိုင်သဖြင့် အမျိုးသားအားကစားပြိုင်ပွဲဟု ခေါ်ဆိုထိုက်ပေသည်။ အမျိုးသားအားကစားပွဲတော်ကို ၁၉၅၂ ခုနှစ်တွင် ရန်ကုန်မြို့တွင် စတင်ကျင်းပခဲ့ရာ ၁၉၆၄ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၁၉၆၇ ခုနှစ်တွင် တတိယအကြိမ် ကျင်းပခဲ့သည်။ ထို့နောက် အခက်အခဲအကြောင်းအမျိုးမျိုးတို့ကြောင့် ဆက်လက်ကျင်းပနိုင်ခြင်းမရှိဘဲ ၁၈ နှစ်တာကြာမြင့်ပြီးနောက် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် နေပြည်တော်၌ စတုတ္ထအကြိမ် အမျိုးသားအားကစားပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခဲ့ပါသည်။

ထို့နောက် အမျိုးသားအားကစားပြိုင်ပွဲကို ပြန်လည်ကျင်းပနိုင်ခြင်းမရှိဘဲ ၁၀ နှစ်ခန့်ကြာမြင့်သည့် ၂၀၂၄ ခုနှစ်ကုန်တွင် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးကို နေပြည်တော်၌ ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ စတုတ္ထအကြိမ် အမျိုးသားအားကစားပြိုင်ပွဲတွင် အားကစားပွဲအမျိုးအစား ၃၄ မျိုး (အားကစားနည်း ၂၇ နည်း)ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုမှ အမျိုးသား အားကစားသမား ၂၈၉၅ ဦး၊ အမျိုးသမီး အားကစားသမား ၁၄၆၆ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့်အပြင် အားကစားနည်း ခုနစ်နည်းဖြင့် မသန်စွမ်းအားကစားပြိုင်ပွဲများလည်း ပါဝင်ကျင်းပနိုင်ခဲ့သည်။

စတုတ္ထအကြိမ် အမျိုးသားအားကစားပြိုင်ပွဲသည် ၂၀၁၅ ခုနှစ်တွင် ကျင်းပခဲ့သည့် (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်မည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်ရွယ်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင်ကျင်းပမည့် အမျိုးသားအားကစားပြိုင်ပွဲသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် အခြားနိုင်ငံတကာအားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင်မည့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွက်လာစေရန် ရည်မှန်းထားသည်။

အားကစားသမားများကို ခေတ်အဆက်ဆက် အားပေးဂုဏ်ပြုချီးမြှင့်လျက်ရှိသကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင်လည်း ထူးခြားစွာ မြှင့်တင်အားပေးပြီး ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်လျက်ရှိသည်။ မြန်မာအားကစားသမားများသည် အာရှနှင့် အရှေ့တောင်အာရှအဆင့် အားကစားပြိုင်ပွဲကြီးများအပါအဝင် နိုင်ငံတကာအားကစားပြိုင်ပွဲပေါင်း ၂၂ ခုသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ရွှေတံဆိပ် ၇၇ ခု၊ ငွေတံဆိပ် ၈၇ ခုနှင့် ကြေးတံဆိပ် ၁၅၉ ခု ရရှိအောင် နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့ကြသည့် နိုင်ငံ့လက်ရွေးစင်အားကစားသမားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် ဆုကြေးငွေကျပ် ၇၄၅၂၃ သိန်းနှင့် အမေရိကန်ဒေါ်လာ ၁၃၃၉၀၀ ကို ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့သည်။

ထိုသို့ချီးမြှင့်ပေးခြင်းသည် မျိုးဆက်သစ်လူငယ်များအနေဖြင့် နိုင်ငံ့ဂုဏ်ကို အားကစားဖြင့် မြှင့်တင်လိုသည့်စိတ် ပေါ်ပေါက်လာစေရန် ရည်ရွယ်ပြီး ချီးမြှင့်ပေးခြင်းဖြစ်သည်။ ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်ကြီးမှတစ်ဆင့် ထူးချွန်ထက်မြက်ပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်မည့် အားကစားသမားများ ပေါ်ထွက်လာနိုင်ပြီး နိုင်ငံတော်အဆင့်၊ အာဆီယံအဆင့်၊ နိုင်ငံတကာအဆင့် အားကစားသမားများ ပေါ်ထွက်လာနိုင်သည်။ လက်ရှိတွင် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ထူးချွန်ထက်မြက်သော အားကစားသမားများ ပေါ်ထွက်လာအောင် ဆောင်ရွက်နေပြီဖြစ်၍ ထူးချွန်အားကစားသမားများ ရေရှည်ရပ်တည်နိုင်ရန် အားပေးမြှင့်တင် ပံ့ပိုးပေးနိုင်ရန်နှင့် နိုင်ငံ့ဂုဏ်ဆောင်မည့်အားကစားသမားများ ပေါ်ထွန်းလာအောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဘီးလင်းမြို့ မြကန်သာရောင်းဝယ်ရေး သမဝါယမအသင်း၏ အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်

**ဘီးလင်း စက်တင်ဘာ ၁၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် မြကန်သာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီက ကန်သာယာ ရပ်ကွက်ရှိ အသင်းတည်ရှိရာ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

**ရှင်းလင်းပြောကြား**

ဆွေးနွေးပွဲတွင် ဘီးလင်းမြို့နယ် သမဝါယမအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိနှင့် မြို့နယ် သမဝါယမအသင်းစု လီမိတက် အတွင်းရေးမှူးတို့က မြကန်သာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ်အတွက် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြကန်သာရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာနှစ် အသင်းအမှုဆောင်အဖွဲ့၏ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းနှင့် ရှေ့လုပ်ငန်းစဉ်များကိုဆွေးနွေး၍သဘောတူညီချက်ရယူကာ အတည်ပြုခဲ့ပြီး အမှုဆောင်အဖွဲ့သစ်အား ရွေးချယ်ကတိသစ္စာခံယူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရွှေကျင်မြစ်ရေ ရွှေကျင်မြို့၌ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၂ ဒသမ ၉၇ ပေ (၇၀၀ စင်တီမီတာ) အောက် တစ်ပေခွဲခန့် (၄၀ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၉ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၈၀၀ | ၄၃၄ | ၃,၈၃၆,၈၀၀ |
| MTSH | ၃,၄၅၀ | ၃,၅၀၀ | ၁,၉၃၆ | ၆,၆၇၉,၄၅၀ |
| MCB | ၈,၈၀၀ | ၈,၈၀၀ | ၂ | ၁၇,၆၀၀ |
| FPB | ၁,၈၀၀ | ၁,၈၅၀ | ၂၃၀ | ၄၂၄,၀၀၀ |
| TMH | ၂,၈၀၀ | ၂,၈၀၀ | ၂၅၃ | ၇၀၈,၄၀၀ |
| EFR | ၁,၇၀၀ | ၁,၇၅၀ | ၂,၆၈၁ | ၄,၅၆၃,၇၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၃,၃၅၀ | ၃,၄၀၀ | ၃၁၄ | ၁,၀၆၆,၁၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၄၉ | ၁,၇၈၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ
ဘာသာပြန်စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ လက်ခံတွေ့ဆုံသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား လက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးစီမံကိန်းများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ ပင်လယ်ကူးသင်္ဘောဝန်ထမ်းများ လေ့ကျင့်သင်ကြားရေးနှင့် အလုပ်အကိုင်ရရှိရေး၊ လေကြောင်းခရီးစဉ်များ တိုးချဲ့ပျံသန်းရေး၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် နည်းပညာမျှဝေရေးကိစ္စရပ်များကို ခင်မင်ရင်းနှီးစွာ နှစ်ဖက်အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ဌာနအကြီးအမှူးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

**○ ရွှေဖုံးမှ**

"တိုင်းဒေသကြီးရဲ့ရာသီဥတုနဲ့ စိုက်ပျိုးမြေအပေါ်မှာမူတည်ပြီး ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနေပါတယ်။ ဒေသနဲ့လိုက်လျောညီစွာ ဆီစားသုံးမှုဖူလုံအောင် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးဖို့ကြိုးပမ်းနေပါတယ်။ နေကြာကို စီမံချက်နဲ့အညီ ပထမဆုံး ၄၀၈၃ ဧကကျော် စိုက်ပျိုးခဲ့တာ လာမယ့်ဆောင်းရာသီဆိုရင် ၈၉၆၉ ဧက တိုးချဲ့စိုက်ပျိုးဖို့ လျာထားဆောင်ရွက်နေပါတယ်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ ဆီဖူလုံမှုက ၁ ဒသမ ၅၄ ပဲရှိပါသေးတယ်။ ဆီဖူလုံမှုရှိဖို့ တိုးချဲ့စိုက်ပျိုးပြီး ထုတ်လုပ်ရမယ့်သဘောပါ။ ဒါကြောင့် တစ်နှစ်ထက်တစ်နှစ်ရာသီအလိုက် တိုးချဲ့ဆောင်ရွက်ရာမှာ လာမယ့်ဆောင်းရာသီမှာ နေကြာစိုက်ဧက ပိုပြီးများလာမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

လာမည့်ဆောင်းရာသီတွင် မြေပဲ ၃၇၉၉ ဧက၊ နှမ်း ၅၁၀၄ (ဆောင်း၊ နွေ)ဧကနှင့် နေကြာ ၁၀၉၆၉ ဧကတိုးချဲ့စိုက်ပျိုးသွားရန် လျာထားဆောင်ရွက်လျက်ရှိပြီး ဆီထွက်သီးနှံစိုက်ဧက စုစုပေါင်း ၁၉၈၇၂ ဧက စိုက်ပျိုးသွားမည်ဖြစ်သည်။ ဆောင်းဆီထွက်သီးနှံများ လျာထားချက်နှင့်အညီ အောင်မြင်ဖြစ်ထွန်းထွက်ရှိရန် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးတောင်သူများအား နည်းပညာများ ဖြန့်ဝေပေးသွားမည်ဖြစ်ပြီး အခြားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များနည်းတူ နေကြာစီမံကိန်းတွင် တစ်နှစ်ထက်တစ်နှစ် တိုးချဲ့စိုက်ပျိုးလာလျက်ရှိရာ ယမန်နှစ်ဆောင်းရာသီ၌ နေကြာ ဧက ၄၀၀၀ ကျော်မှ ယခုနှစ်တွင် ၈၉၆၉ ဧက လျာထားခဲ့၍ ၁၀၉၆၉ ဧကအထိ တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စားသုံးဆီလိုအပ်မှုကို တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းပေးသွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ညိမ်းသူ-သတင်းစဉ်၊ ဓာတ်ပုံ - ကနူး**

**❂ မြန်မာ့ထွက်ကုန်မှ**

ပဲကြော်ကိုထုတ်လုပ်ပြီး ပြည်ပနိုင်ငံကိုလည်း တင်ပို့မှုတွေရှိနေတယ်လို့သိရပါတယ်။ ပဲကြီးက စတင်ထွက်ရှိချိန်ကတည်းက ဈေးကောင်းရတယ်။ ပဲကြီးက အကြီး၊ အလတ်၊ အသေးဆိုပြီး ရှိပါတယ်။ ပဲကြီးက မြန်မာပြည်ရဲ့ မူရင်းမျိုးဖြစ်တယ်။ ပဲကြီးကို နှစ်စဉ်ပြည်ပနိုင်ငံတွေကို တင်ပို့ရောင်းချနေရပါတယ်။ ဒါကြောင့် အရောင်းအဝယ်တွေကောင်းပြီး ဈေးကောင်းရရှိနေပါတယ်" ဟု ၎င်းကပြောသည်။

အဆိုပါပဲကြီးကို မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ဆောင်းသီးနှံအနေဖြင့် တစ်ရာသီသာစိုက်ပျိုး၍ရကြောင်း၊ စပါး၊ ပဲတီစိမ်း၊ အခြားဆီထွက်သီးနှံများကဲ့သို့ သီးထပ်စိုက်ပျိုး၍မရကြောင်း၊ မိုးများသောဒေသများဖြစ်သည့် ရန်ကုန်၊ ပဲခူးနှင့် ဧရာဝတီတိုင်းဒေသကြီးများတွင် ပဲကြီးစိုက်ပျိုးမှုနည်းပါးကြောင်း၊ ပဲကြီးကို ပြည်တွင်း စားသုံးမှုများနှင့်အတူ ပြည်ပကိုလည်း နိုင်ငံခြားဝင်ငွေရရှိစေရန် တင်ပို့ရောင်းချနိုင်သည့်အတွက် တစ်နှစ်ထက်တစ်နှစ် တောင်သူများအနေဖြင့် တိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဇလွန်မြို့၌ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း အသိပညာပေးဟောပြောပွဲ ကျင်းပ

ဇလွန် စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း အသိပညာပေးဟောပြောပွဲ



ကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး ဦးဖုန်းနိုင်က လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်အိမ်တက်ဆင်း ကောက်ယူသွားမည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းက စာရင်းစစ်စာရင်းကောက် ဆရာ ဆရာမများအား ခန့်အပ်လွှာများ၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးဖုန်းနိုင်က ဆရာ ဆရာမများအား သန်းခေါင်စာရင်းကောက်ယူမည့်အထောက်အကူပြုပစ္စည်းများ ပေးအပ်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့တွင် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗလာဒီဗော့စတော့မြို့၌ ကျင်းပပြုလုပ်သည့် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့မှ ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ ရော့စ်ကွန်ဂရက် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေအဖွဲ့တို့၏ ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ဖိုရမ်တက်ရောက်စဉ် ကာလအတွင်း စက်တင်ဘာ ၄ ရက် နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်သက်သက်ခိုင်က Russia–ASEAN Business Dialogue အစီအစဉ်တွင် ပါရှိသည့် New contours of International cooperation ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ယင်းနေ့ညနေပိုင်းတွင် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက Cooperation In Greater Eurasia အစီအစဉ်တွင် ပါရှိသည့် Experience of Developing Production Chains in The EAEU, SCO And BRICS ခေါင်းစဉ်ဖြင့် လည်းကောင်း Panelist များအနေဖြင့် တက်ရောက် ဆွေးနွေးခဲ့ရာ ဒုတိယဝန်ကြီးချုပ်ဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့က ဆွေးနွေးပွဲများသို့တက်ရောက်ကြသည်။

ဖိုရမ်ကာလအတွင်း သီးခြားတွေ့ဆုံမှုများ အနေဖြင့် စက်တင်ဘာ ၄ ရက် ညနေပိုင်းတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် Rosatom Renewable Energy Joint–Stock Company မှ General Director Mr. Grigory Nazarov ဦးဆောင်သောအဖွဲ့တို့ တွေ့ဆုံပြီး မြန်မာနိုင်ငံ လျှပ်စစ်ကဏ္ဍနှင့် ပတ်သက်သောကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ အလားတူ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စက်မှုနှင့် ကုန်သွယ်ရေး ဒုတိယဝန်ကြီး Mr. Alexsei Gruzdev ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံပြီး အမှတ်(၂) သံမဏိစက်ရုံ(ပင်းပက်) စီမံကိန်းကို ပူးပေါင်းအကောင်အထည်ဖော်နိုင်ရေးကိစ္စရပ်များ၊ ဆေးဝါး ထုတ်လုပ်ရေးနှင့် အခြားစက်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။



ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၅ ရက်တွင် (၉)ကြိမ်မြောက် အရှေ့ဖျားစီးပွားရေးဖိုရမ်၏ ပင်မအခမ်းအနားဖြစ်သည့် မျက်နှာစုံညီအစည်းအဝေး (Main Forum–Plenary Session) သို့ ပါဝင်တက်ရောက်ခဲ့သည်။ အဆိုပါ အစည်းအဝေးတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာဗလာဒီမာပူတင်က မိန့်ခွန်းပြောကြားခဲ့ပြီး နိုင်ငံတကာစီးပွားရေးဖိုရမ်၏ပင်မဆွေးနွေးမှုများကို ဦးဆောင်ဆွေးနွေးသည်။ တရုတ်နိုင်ငံ ဒုတိယသမ္မတ Mr. Han Zheng နှင့် မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Anwar Ibrahim တို့က ဆွေးနွေးဖက်များအဖြစ် ပါဝင်ဆွေးနွေးသည်။ သမ္မတပူတင်အနေဖြင့် ဒေသတွင်း စွမ်းအင်နှင့် ပို့ဆောင်ရေးအခြေခံ အဆောက်အအုံ ကဏ္ဍများကို မြှင့်တင်ရန် အရေးကြီးကြောင်း၊ စက်မှုကဏ္ဍနှင့် လူနေမှုအဆင့်အတန်း မြှင့်မားစေရန်အတွက် လျှပ်စစ်ဓာတ်အားပံ့ပိုးမှုကို ပိုမိုဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Trans–Siberian Railway နှင့် the Baikal–Amur Mainline ကဲ့သို့သော ပို့ဆောင်ရေးလမ်းကြောင်းများကို အဆင့်မြှင့်တင်ရန်လိုအပ်ကြောင်း၊ အနာဂတ်



တွင် အာရှနှင့် ဥရောပတို့အကြား သင်္ဘောပတ်လမ်းကြောင်းအဖြစ် မြောက်ဘက်ပင်လယ် ရေလမ်းကြောင်းမှာ များစွာအရေးကြီးလာမည်ဟု ရှုမြင်ထားကြောင်းနှင့် အဆိုပါ စီမံကိန်းများအနေဖြင့် အာရှဒေသနှင့် ထောက်ပံ့ဖြည့်ဆည်း စီမံဆောင်ရွက်မှုလမ်းကြောင်း (Logistics Corridors) များပိုမိုချိတ်ဆက်နိုင်ပြီး တိုးတက်ကောင်းမွန်လာစေမည် ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၆ ရက်တွင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၏ ဖက်ဒရယ်စိုက်ပျိုးရေးဆိုင်ရာ ဇီဝနည်းပညာသိပ္ပံစင်တာလက်အောက်ရှိ ပရီမော့စကီး စိုက်ပျိုးရေးသုတေသနသိပ္ပံသို့ သွားရောက်လေ့လာခဲ့ရာ ဇီဝနည်းပညာ သိပ္ပံစင်တာ၏ ဒါရိုက်တာဖြစ်သူ Mr. Aleksei Nikolaevich က ကြိုဆိုနှုတ်ခွန်းဆက်ပြီး သုတေသနသိပ္ပံဖြစ်ပေါ်လာသည့် သမိုင်းကြောင်း၊ သီးနှံများနှင့်သက်ဆိုင်သော သုတေသနများအပြင် မြေဆီလွှာဆိုင်ရာ သုတေသန၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းခြင်းနှင့် သက်ဆိုင်သော သုတေသန၊ ရာသီဥတုဒဏ်ခံနိုင်ရည်ရှိသော သီးနှံမျိုးများ ထုတ်လုပ်ခြင်းနှင့် သက်ဆိုင်သော မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ခြင်းဆိုင်ရာ သုတေသနများ ဆောင်ရွက်နေသည့် အခြေအနေများ၊ အာလူး၊ စပါး၊ ဂျုံ၊ ပဲပုပ်၊ အစေ့ထုတ်ပြောင်း စသည့် သီးနှံများ၏ အရည်အသွေးကောင်းမျိုးစေ့များ ထုတ်လုပ်ခြင်းကို ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားခဲ့ပြီး သုတေသန စိုက်ခင်းများသို့ လိုက်လံပြသရာတွင် ရုရှားနိုင်ငံ အရှေ့ဖျားဒေသ၌ စိုက်ပျိုးနိုင်သည့် စပါးမျိုးများနှင့် အခြားသီးနှံများ သုတေသနပြုစမ်းသပ်စိုက်ပျိုးထားမှု အခြေအနေကို လိုက်လံရှင်းလင်းပြသသည်။

ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး Mr. Is–Kander Azizov နှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ လျန်ယွင်ကန်မြို့၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၀**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန၏ ဖိတ်ကြားချက်အရ စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ပြီး ယနေ့တွင် လေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်တွင် ဆွေးနွေးပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ လျန်ယွင်ကန်မြို့ရှိ ရဲလုပ်ငန်းခွင်ဆိုင်ရာပစ္စည်းကိရိယာများနှင့် နည်းပညာပြပွဲသို့ သွားရောက်လေ့လာကြစဉ်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် စက်တင်ဘာ ၈ ရက် မွန်းလွဲပိုင်းတွင် ကွမ်ကျိုးမြို့သို့ ရောက်ရှိရာ ယူနန်ပြည်နယ် ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး မစ္စတာလီလိနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကွမ်ကျိုးမြို့မှ တစ်ဆင့် လျန်ယွင်ကန်မြို့သို့ ရောက်ရှိပြီး ဟိုင်ကျိုး (Haizhou) Bayview Conference Center ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုဖိုရမ် ဖွင့်ပွဲအခမ်းအနားနှင့် ဖိုရမ်သို့တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက ကာလရှည်ကြာ အကြမ်းဖက်မှုများနှင့် ပဋိပက္ခများကို ဖြစ်ပေါ်စေသော ရာဇဝတ်ဂိုဏ်းအုပ်စုများအား နိုင်ငံပေါင်းစုံ ပူးပေါင်းတိုက်ဖျက်ရေး၊ လူမှုဘဝ တည်ငြိမ်ရေးနှင့် ပြည်သူတို့၏ အသက်အိုးအိမ် ဘေးကင်းလုံခြုံမှု ရှိစေရေးအတွက် တရားဥပဒေ စိုးမိုးရေးနယ်ပယ်တွင် လက်တွေ့ဆန်သော ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရေး၊ သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများကို အတူတကွတိုက်ဖျက်ရေးတို့ကို အလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာနဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံကာ နှစ်နိုင်ငံလုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ရဲတပ်ဖွဲ့ပူးပေါင်းဆောင်ရွက်မှုဗဟိုဌာန ထူထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာနှင့် တရုတ်ယွမ်ငါးသန်း တန်ဖိုးရှိ ရဲလုပ်ငန်းဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ အကူအညီပေးရေး စာလွှာတို့ကို နှစ်နိုင်ငံဝန်ကြီးများက လက်မှတ်ရေးထိုး လဲလှယ်ခဲ့ကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ် အဖွဲ့သည် လျန်ယွင်ကန်မြို့ရှိ ရဲလုပ်ငန်းခွင်ဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းပညာပြပွဲသို့ သွားရောက်လေ့လာကြသည်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့၏ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာ ပြည်သူ့လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည့် ခရီးစဉ်အတွင်း နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးနှင့် နှစ်နိုင်ငံဝန်ကြီးဌာန နှစ်ခုအကြား ပူးပေါင်း ဆောင်ရွက်မှုများအပေါ် အပြုသဘောဆောင်သည့် ရလဒ်များကိုရရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပြည်သူ့လုံခြုံရေးဆိုင်ရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဝမ်ရှောင်ဟုန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးစဉ်။



# ကော့သောင်းမြို့၌ နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်

**ကော့သောင်း စက်တင်ဘာ ၁၀**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့သောင်းခရိုင် မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ သီးခြားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စုပေါင်းသွေးလှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ကော့သောင်းမြို့ ပြည်သူ့ဆေးရုံကြီး၌ ကျင်းပသည်။

အဆိုပါ ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ၊ သီးခြားတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက သွေးလှူဒါန်းခြင်း အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများ သွားရောက်၍ သွေးလှူဒါန်းနေမှုအား လိုက်လံကြည့်ရှုကြပြီး သွေးလှူဒါန်းနေသည့် တပ်ဖွဲ့ဝင် ၁၆ ဦး၊ မိသားစုဝင်တစ်ဦးတို့အား သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာ၊ စစ်ဗျူဟာအဖွဲ့ အခြေချ (ကော့သောင်း)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်မောင်ကျော်နှင့် ခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး မြတ်မင်းထွေးတို့က ကြက်ဥ၊ အချိုရည်၊ ပဲနို့၊ မုန့်၊ ဓာတ်ဆားထုပ်များ တစ်ဦးချင်း ထောက်ပံ့ပေးအပ်၍ အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ နီပေါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် စက်တင်ဘာ ၁၀

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံသံအမတ်ကြီး မစ္စတာဟာရီရှုံချန်ဒရာဂီမီရေးအား ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-နီပေါနှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေး တိုးမြှင့်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ယဉ်ကျေးမှု၊ ခရီးသွားလုပ်ငန်းနှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာ ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၁၀

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ရန်ကုန်မြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia နှင့်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားမှုတို့ဖြင့် နှစ်နိုင်ငံ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးကိစ္စရပ်များ၊ Shanghai Cooperation Organization (SCO)အဖွဲ့ဝင် နိုင်ငံများနှင့် ကျန်းမာရေး ပူးပေါင်းဆောင်ရွက်မှုများတွင် မြန်မာနိုင်ငံအနေဖြင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံဆေးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များ၊ တိုင်းရင်းဆေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းဆေးတက္ကသိုလ်များအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များ၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးနှင့်လေ့ကျင့်ရေးသင်တန်းကျောင်း၏ လုပ်ငန်းဆောင်ရွက်မှုများနှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး သင်တန်းပို့ချခြင်းဆိုင်ရာ ကိစ္စရပ်များ၊ နှလုံးဆေးပညာနှင့် နှလုံးသွေးကြောခွဲစိတ်မှု လုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များနှင့် မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းကိုအခြေခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ချစ်ကြည်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ကိုယ်စားလှယ်များ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ သတင်းစဉ်

# ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ (၂၄)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲသို့ တက်ရောက်ပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ




ရန်ကုန် စက်တင်ဘာ ၁၀

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပြပွဲကျင်းပရေးကော်မတီ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှမန်မြို့၌ စက်တင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပလျက်ရှိသည့် (၂၄)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ (The 24th China International Fair for Investment and Trade-CIFIT) သို့ တက်ရောက်ခဲ့ပြီး ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

**တက်ရောက်**

အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ၁၀၀ ကျော်၏ အစိုးရအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများ၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများမှ ကိုယ်စားလှယ်များ၊ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံတကာစီးပွားရေးလုပ်ငန်း၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။

စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ တရုတ်နိုင်ငံ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေး အေဂျင်စီများ ဖက်ဒရေးရှင်း၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံအခမ်းအနားသို့တက်ရောက်ပြီး မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းစဉ်များ၊ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေးနှင့် ပူးပေါင်း ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးပြောကြားခဲ့သည်။

စက်တင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ (၂၄)ကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပါဝင်တက်ရောက်ခဲ့သည်။

မွန်းလွဲပိုင်းတွင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု (Regional Comprehensive Economic Partnership-RCEP) ဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု၏ အကျိုးကျေးဇူးများ၊ မြန်မာနိုင်ငံအနေဖြင့် RCEP တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက် ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပြောကြားခဲ့သည်။

ထို့ပြင် ဒုတိယဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရှမန်မြို့ရှိ လွတ်လပ်သော ကုန်သွယ်မှုဇုန်နှင့် အသေးစား၊ အလတ်စား စက်မှုလုပ်ငန်းများသို့လည်းကောင်း၊ "Invest in China Dialogues between Specialized and New Enterprises and Hidden Champions" Expo သို့လည်းကောင်း သွားရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ဝါးခယ်မမြို့နယ်၌ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြော

ဝါးခယ်မ စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အသိပညာပေးဟောပြောပွဲနှင့် "ပန်းခင်း" စီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်းလုပ်ငန်းကို စက်တင်ဘာ ၇ ရက်က ဝါးခယ်မမြို့နယ် ရွှေလောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း မေခခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းဟောပြော**

အခမ်းအနားတွင် ဝါးခယ်မမြို့နယ် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးအရာရှိ ဦးရွှေသာက သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများအား ရှင်းလင်းဟောပြောခဲ့ပြီး "ပန်းခင်း"စီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်း၊ နိုင်ငံသားတစ်ဦးချင်းစီ၏ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ


ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းဒေသကြီးအဆင့်)ပြိုင်ပွဲ ဖွင့်ပွဲကျင်းပစဉ်။

**ရန်ကုန် စက်တင်ဘာ ၁၀**

၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (တိုင်းဒေသကြီးအဆင့်) ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်ရှိ မြန်မာကွန်ဗင်းရှင်းစင်တာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ တက်ရောက်လာကြသူများအား အဆို၊ အက၊ အရေး၊ အတီး အနုပညာရှင်များက "ငွေရတုတိုင်၊ ရွှေဆုပိုင်သည့်၊ တိုင်းရန်ကုန်" ဂုဏ်ပြုတေးသီချင်း ဖြင့်လည်းကောင်း၊ စင်တော်ပြိုင်အက (ရုပ်သေးနှင့်လူနှစ်ပါးသွားအက)ဖြင့်လည်းကောင်း၊ အင်းဝခေတ်ယိမ်းအကဖြင့် လည်းကောင်း ဖျော်ဖြေ တင်ဆက်ခဲ့ကြပြီး ဖျော်ဖြေရေး အဖွဲ့များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲကို ၂၀၂၄ ခုနှစ် စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်ပြီး ဝါသနာရှင် (ပထမတန်းအဆင့်) နှင့် (ဒုတိယတန်းအဆင့်) ဟူ၍ မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ်၊ အမျိုးဂုဏ်/ဇာတိဂုဏ်၊ မင်းသား/မင်းသမီးအက၊ ရုပ်သေးကြိုးဆွဲအက၊ ကွက်စိပ်အက၊ တေးသီချင်းများ ရေးသားခြင်း၊ စောင်း/ စန္ဒရား/ ပတ္တလား/ တယော/မယ်ဒလင်/ဂီတာ/ ဒုံမင်း တီးခတ်ခြင်း၊ နှဲ/ပလွေတီးမှုတ်ခြင်း၊ ဆိုင်းတစ်ဦးချင်း/ဆိုင်းအဖွဲ့လိုက်တီးခတ်ခြင်း၊ အိုးစည်အဖွဲ့လိုက်တီးခတ်ခြင်း၊ ဒိုးပတ်အဖွဲ့လိုက်တီးခတ်ခြင်း စသည်ဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ဝါသနာရှင်ပြိုင်ပွဲဝင်ပေါင်း ၃၁၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်းနှင့် အဆိုပါပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိကြသူများအား စက်တင်ဘာ ၁၅ ရက်၌ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး သဘင်ဆောင်ခန်းမ၌ ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ကာ ထူးချွန်ဆုများ ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးဇော်လွင်၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးလှမိုး ဦးစီးသည့် ရဲတပ်ဖွဲ့ဝင် ၅၀ တို့က စက်တင်ဘာ ၇ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် အခြေခံပညာမူလတန်းကျောင်း (အကွက်ကြီး ၅) တွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)


နှစ်(၆၀)ပြည့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၀ ရက်တွင် ရေကြည်မြို့နယ်အသုတ်တိုက်နယ်ဆေးရုံဝင်းအတွင်းရှိမြက်များ၊ ချုံနွယ်ပိတ်ပေါင်းများအား ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရှင်းလင်းပြီးအမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်းလုပ်ငန်းများကို ရေကြည်မြို့နယ်ရဲတပ်ဖွဲ့ အသုတ်နယ်မြေရဲစခန်းမှ ရဲအုပ်ဝင်းအောင်ဦးစီးဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ




**ရန်ကုန် စက်တင်ဘာ ၁၀**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ်စုဝေးခန်းမ၌ ကျင်းပသည်။

**ရွေးချယ်တင်မြှောက်**

အဆိုပါ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူ ၃၇ ဦးက သတင်းမီဒီယာကောင်စီဝင်ကိုယ်စားပြု ကိုယ်စားလှယ်အတွက် ဆန္ဒမဲပေးကြရာ ကိုယ်စားလှယ်လောင်း ၁၄ ဦး အနက် ဦးအေးချမ်း၊ ဦးတင်ဝင်း (တင်ဝင်းလေး-ကြည့်မြင်တိုင်)နှင့် ဦးမောင်မောင်ဦး (ဟိန်းလတ်)တို့ သုံးဦးကို မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(စတုတ္ထ) သက်တမ်းအတွက် ရွေးချယ်ထားသည့် ကောင်စီဝင် ၂၆ ဦးရှိပြီး ယနေ့တင်မြှောက်သော သုံးဦးကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာ ကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့ထံ စက်တင်ဘာ ၁၆ ရက် နောက်ဆုံးထား၍ ကန့်ကွက်စာပေးပို့နိုင်ကြောင်း၊ ကန့်ကွက်စာများရှိပါက လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ကာ အတည်ပြုပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ (စတုတ္ထ) သက်တမ်းအတွက် အလုပ်အမှုဆောင် ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာလ တတိယပတ်အတွင်း ထပ်မံကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ချမ်းအေးသာစံမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေး ပညာပေးဟောပြောခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်



**မန္တလေး စက်တင်ဘာ ၁၀**

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း အသိပညာပေးဟောပြောပွဲနှင့် ပန်းခင်း(၃)စီမံချက်အရ နိုင်ငံသား စိစစ်ရေးကတ်ပြားများ ဆောင်ရွက်ပေးခြင်းကို ချမ်းအေးသာစံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ စက်တင်ဘာ ၁၀ ရက် နံနက်ပိုင်းက အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲတွင် မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းက သန်းခေါင်စာရင်း ကောက်ယူခြင်း၏ အဓိပ္ပာယ်နှင့်ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆောင်ရွက်မည့်ကာလနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် လူထုအသိပညာပေးလုပ်ငန်းများ ကြိုတင်ဆောင်ရွက်နေမှုများ၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် ပါဝင်မည့်အချက်အလက်များ၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းကောက်များ လိုက်နာရမည့်အချက်များနှင့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အချက်များကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့သည့်အပြင် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့သည်။

ယင်းနောက် တာဝန်ရှိသူများက ရပ်ကွက်နေ ပြည်သူများအား ပန်းခင်း(၃)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၂၁၅ ကတ် ဆောင်ရွက်ပေးပြီး Biometric UID ကိုယ်ရေးအချက်အလက်များ တစ်ပါတည်း ကောက်ခံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း**

# သင်သေသွားသောအခါ ......

သဲဟန် (ဘန်ကောက်)

၁၉၃၅ ခုနှစ် ဒီဇင်ဘာလထုတ် အိုးဝေမဂ္ဂဇင်းပါ ဆရာဇော်ဂျီရဲ့ ကဗျာကို ငယ်စဉ်က ကျောင်းမှာ သင်ယူခဲ့ရပါတယ်။

**သင်သေသွားသော်**

ဩော်... လူ့ပြည်လောက၊ လူ့ဘဝကား
အိုရ၊ နာရ၊ သေရဦးမည် မုန်ပေသည်တည့်။
သို့တပြီးကား၊ သင်သေသွားသော်
သင်ဖွားသောမြေ၊ သင်တို့မြေသည်
အခြေတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်၏မျိုးသား၊ စာစကားလည်း
ကြီးပွားတိုးမြင့်၊ ကျန်ကောင်းသင့်၏။
သင်ဦးချ၍၊ အမျှဝေရာ၊ စေတီသာနှင့်
သစ္စာအရောင်၊ ဉာဏ်တန်ဆောင်လည်း
ပြောင်လျက်၊ ဝင်းလျက် ကျန်စေသတည်း။

စာသင်ခန်းထဲက သင်ခန်းစာတွေ စာအုပ်ထဲမှာပဲ ကျန်ခဲ့ပြီလား။ အဲဒီတုန်းကတော့ သင်သေပြီးနောက်ဆိုတာ ဘယ်စဉ်းစားမိဦးမလဲ။ အခုကော သင်တွေးမိရဲ့လား။ သင်သေသွားသောအခါ ဘာတွေထားခဲ့ရမလဲဆိုတာကို လေးလေးနက်နက် တွေးမိရဲ့လား။

ပထမဆုံး ကျောင်းစနေကတည်းက လက်ဦးဆရာ၊ ကျေးဇူးရှင် ဆရာသခင်၊ အထက(၂) လသာရဲ့ ဗိသုကာကြီး၊ ဥယျာဉ်မှူးကြီး၊ အမျိုးသမီးကျောင်းအုပ်ဆရာမကြီး ဒေါ်မြူရီယယ်ထွန်းကျော် (၉၄) နှစ်၊ (၁၇-၈-၂၀၂၄) ည ၁၁နာရီ ၅၈ မိနစ်မှာ ခရစ်တော်၌ အိပ်ပျော်သွားပါပြီဆိုတဲ့ နာရေးသတင်းကြားလိုက်ရချိန်မှာ မိခင်ရင်း ဆုံးရှုံးသွားသလို ဆို့နင့်ခံစားလိုက်ရပါတယ်။ ၂၃-၃-၁၉၃၁ ရက်နေ့မှာ မွေးဖွားခဲ့တဲ့ ကျောင်းအုပ်ဆရာမကြီးဟာ ၁-၁-၁၉၆၆ မှ ၃၁-၈-၁၉၈၀ ရက်နေ့ အထိ အထက (၂) လသာရဲ့ ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁-၉-၁၉၈၀ မှ ၃၀-၃-၁၉၉၁ ရက်နေ့အထိ ရန်ကင်းဆရာအတတ်သင်သိပ္ပံကျောင်းအုပ်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါတယ်။

ဒီလို ရက်၊ လ၊ နာရီအတိအကျ မှတ်မိနေတဲ့ မြန်မာစာဆရာမ တီချယ် OB ဒေါ်မြင့်မြင့်ဟာ အခု အသက်ရှစ်ဆယ်ကျော်နေပေမယ့် အလွန်တက်ကြွဖြတ်လတ်ဆဲ၊ ဘာမဆို မှတ်မိနေသေးတဲ့ လသာ (၂) ရဲ့ ENCYCLOPEDIA လို့ တင်စားရလောက်အောင် ထက်မြက်စာသင်ကောင်းတဲ့ ကျောင်းအုပ်ဆရာမကြီးရဲ့ ညာလက်ရုံးဆိုလည်း မမှားပါဘူး။ တီချယ်ဒေါ်မြင့်မြင့်က အခုထိ စာတွေရေးနေပါသေးတယ်။

အနန္တကျေးဇူးရှင် ကျောင်းအုပ်ဆရာမကြီးကတော့ လူ့လောကကနေ တစ်ဘဝ၊ တစ်ခန္ဓာကိစ္စပြီးလို့ သံသရာခရီး ဆက်လက်ထွက်ခွာသွားနှင့်လေပြီ။ ဆရာဇော်ဂျီရဲ့ကဗျာကို တွေးလိုက်မိပြီး ဆရာမကြီး ဘာတွေများထားခဲ့၊ ဘာအုတ်မြစ်တွေချပေးခဲ့သလဲ။ သေခြင်းတရားကို သံဝေဂယူမိပြီး စိတ်အာရုံမှာ စိတ်ကူးမျှင်တန်းတွေ ရုပ်ရှင်ပြသလို တစ်ခန်းပြီးတစ်ခန်း ပြန်ပေါ်လာပါတော့တယ်။

၁။ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ၊
၂။ ကတိလေးချက်မှုနဲ့ ဖွဲ့စည်းခဲ့တဲ့ကျောင်းကောင်စီ၊
၃။ ဘက်စုံပညာဖွံ့ဖြိုးရေး၊
၄။ ခေါင်းဆောင်မှုရဲဝံ့ပြတ်သားဖြောင့်မတ်သော ဆုံးဖြတ်ချက်ချနိုင်စွမ်းတွေ။

ဒါတွေဟာ သမီးကျောင်းသူတွေအတွက် သူပေးခဲ့တဲ့အမွေတွေပါပဲ။

**အမွေခံ သမီးကျောင်းသူများအတွက်**

သူပေးခဲ့တဲ့အမွေတွေကို သမီးကျောင်းသူတွေ ဘယ်လောက်ထိန်းသိမ်းနိုင်ခဲ့ပါပြီလဲ၊ ပြန်မေးမိပါတယ်။

**စိတ်ဓာတ်** – ဘာစိတ်ဓာတ်လဲ။ GOOD MORAL MINDSET ကိုယ်ကျင့်တရား ကောင်းမွန်ဖြောင့်မတ်၊ မှန်ကန်သော အတွေးအမြင်။

**စည်းကမ်း** – ဘာစည်းကမ်းလဲ။ SELF-DISCIPLINE မိမိကိုယ်မိမိ ပဲ့ပြင်နိုင်စွမ်း၊ ထိန်းချုပ်နိုင်စွမ်း၊ အမိန့်နာခံမှု၊ ကြီးသူကိုရိုသေ၊ ရွယ်တူကိုလေးစား၊ ငယ်သူကို သနားတာကို စည်းကမ်းဘောင်ထဲက မှန်မှန်ကန်ကန်ဖြစ်အောင် လေ့ကျင့်ပေးမှု။

**ပညာ** – ဘာပညာလဲ။ APPLIED – KNOWLEDGE & LIFE SKILLS စာတွေ့၊ လက်တွေ့ ကျောင်းသင်ခန်းစာတွေကို ဘဝနေထိုင်မှု ပုံစံအချိုးကျအောင်သင်ပေးတဲ့ အသုံးချပညာ၊ တစ်နှစ်တစ်တန်း ဂုဏ်ထူးတွေနဲ့ စာမေးပွဲအောင်ပြီး ဒါတွေပစ်ထားရမှာ မဟုတ်ဘူး။ လောကရဲ့ကောင်းကျိုး ဘယ်လိုသုံးမလဲဆိုတဲ့ ဉာဏ်ပညာ၊ စာတော်ပြီး ဦးနှောက်အဆိပ်ခတ်ဖို့ မဟုတ်တဲ့ ဉာဏ်စွမ်းဉာဏ်စ။

**ကတိလေးချက်မှု** – ဘာကတိလေးချက်လဲ။

၁။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။
၂။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။
၃။ မိမိကျောင်းကိုကောင်းအောင်ကြိုးစားမည်။
၄။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်။

**ကျောင်းကောင်စီ** မှု(၄)ချက်နဲ့ ကျောင်းကောင်စီက ဘာလဲ။

ကျန်စစ်သား၊ ဘုရင့်နောင်၊ အလောင်းဘုရား၊ ဗန္ဓုလ၊ ဝါ၊ စိမ်း၊ နီ၊ ပြာ အသင်း လေးသင်း အလံတော်အောက်မှာ အတန်းကိုယ်စားလှယ်၊ အသင်းကိုယ်စားလှယ်၊ တစ်ကျောင်းလုံး လူ ၇၀၀၀ ကျော်ကို ကောင်စီဝင်ကိုယ်စားလှယ် ၂၈ ဦးနဲ့၊ မဲခွဲစနစ်နဲ့ရွေးချယ်ပြီး စည်းကမ်းတကျ စီမံအုပ်ချုပ်စေခဲ့တဲ့စနစ်၊ TOP DOWN & BOTTOM UP စနစ်၊ အထက်မှ အောက်ခြေ အဆင့်ဆင့်၊ အောက်ခြေမှ အပေါ်သို့ အဆင့်ဆင့် လေးစားမှုနဲ့ ဆက်ဆံစေတဲ့ INTERPERSONAL SKILLS၊ SOCIAL SKILLS၊ MANAGEMENT SKILLS အားလုံး မဲနဲ့ ရွေးချယ်စီမံခန့်ခွဲသွားတဲ့ အုပ်ချုပ်မှုယန္တရား။

**ဘက်စုံပညာဖွံ့ဖြိုးရေး**– ဘက်ပေါင်းစုံက ဘာတွေလဲ။

ပညာရေးကစရင်တော့ လူရည်ချွန်ပေါ့။ ၁၉၆၄ – ၁၉၈၈ ခုနှစ်အထိ မြို့နယ်၊ ခရိုင်၊ တိုင်း ၇ တန်းကနေ ၁၀ တန်းအထိ အရွေးမခံရတဲ့နှစ်မရှိပါ။ ဆေးတက္ကသိုလ်ထိ သုံးထပ်ကွမ်း၊ လေးထပ်ကွမ်းတွေ၊ ခြောက်ထပ်ကွမ်းတစ်ဦးအထိ ရှိကြပါတယ်။ စာပေက စရရင်တော့ တီချယ်ဒေါ်မြင့်မြင့်ပြောပြတာ ၁၉၆၉ ခုနှစ်မှာ ဆေးတက္ကသိုလ် (၁) ကိုဝင်တဲ့ အမှတ်လိုက် ခုံနံပါတ် ၁ ကနေ ၃၂ အထိ အားလုံးလသာ (၂) က ထွက်တာချည်းပါပဲတဲ့။ ဂုဏ်ယူပါတယ် စီနီယာမကြီးများရယ်။

ACCORDION၊ HARMONICA နဲ့ ၁၉၆၇ ခုနှစ်မှာစခဲ့ပါတယ်။ အစ်မလတ် ဝါဝါဟန်က JAZZ DRUMS တီးရပါတယ်။ တတိယအစ်မ မိုးပြာဟန်က HARMONICA ဘာဂျာမှုတ်ရပါတယ်။ နောက်ပိုင်းစာရေးသူ (၂တန်းလားမသိ၊ သေချာမမှတ်မိတော့) အငယ်ဆုံး၊ အသေးဆုံးကလေးအနေနဲ့ ခေါ်လို့ ပါဝင်ခဲ့ပါတယ်။ ဆရာမဒေါ်ခင်ဝင်းကြည် ဦးဆောင်တာဝန်ခံပါ။ ဘာကျောင်းပွဲမဆို အောင်ဆန်းကွင်းမှာ တန်းစီလျှောက်နေရာယူရတာမို့ နှစ်ယောက်တစ်တွဲလျှောက်ရရင် အန်ကယ် (ဗိုလ်မှူးကြီးလှမိုး) က "လာခဲ့ အသေးလေး၊ အန်ကယ်နဲ့ တွဲလျှောက်မယ်"လို့ ခေါ်ပါတယ်။ နောက်တော့ စစ်ဘင်ခရာ ပုံစံပြောင်းလဲဖွဲ့စည်းတော့ စာရေးသူက DRUM တီးရပါတယ်။ ဘင်ခရာပန်းဖွားအကကို လူငယ်ရေးရာက တောင်းဆိုလို့ ဆရာမကြီးအစီအစဉ်နဲ့ ပထမဆုံးစခဲ့တာ လသာ(၂)ပါပဲ။ နောက်ကျောင်းပေါင်းစုံလမ်းစဉ် လူငယ်ဗဟိုဘင်ခရာတီးဝိုင်းဖွဲ့တော့ လသာ (၂) က ငါးဦးထဲမှာ စာရေးသူအရွေးခံရပြီး ဘင်ခရာစစ်တီးဝိုင်းမှာ CLARINET မှုတ်ရပါတယ်။

ရေ၊ လေ၊ ရဲ စစ်တီးဝိုင်းက ဆရာတွေနဲ့ ယဉ်ကျေးမှုဝန်ကြီးဌာနက ရှုရှားပြန် ဆရာ ဦးဟန်ဝင်းတို့ မျက်စိနဲ့ကြား၍ နားနဲ့ မြင်အံ့ MUSIC သီဝရီတွေ လာသင်ပေးတာကို ပါဝင်သင်ကြားခွင့်ပေးခဲ့တဲ့ ဆရာမကြီးကျေးဇူးကိုမမေ့ပါ၊ စာရေးသူရဲ့ အချိန်တော်တော်များများကို အောင်ဆန်းကွင်းနဲ့ ဘင်ခရာစစ်ရေးပြထဲနှစ်မြှုပ်ခဲ့တဲ့ အပျော်ဆုံးအချိန်များပါ။

> ဘာမှမလုပ်နိုင်ရင်တောင် မနက်တိုင်းဆိုခဲ့ရတဲ့ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အလံ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ကတိလေးချက်ပေးခဲ့တဲ့ မိမိကိုယ်၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အတွက် သစ္စာရှိရှိနဲ့ တစ်ဦးချင်း ထိန်းသိမ်းနိုင်လိမ့်မယ်ထင်ပါတယ်။ ဝါ၊ စိမ်း၊ နီ၊ ပြာ အသင်းလေးသင်းနဲ့ ဖွဲ့စည်းခဲ့တဲ့ကျောင်းကောင်စီဟာ အရောင်တွေကွဲ၊ စိတ်ဝမ်းတွေကွဲ၊ အမြင်မတူ၊ ရန်သူမထင်စတမ်း၊ ကျန်စစ်သားနဲ့ ဘုရင့်နောင်၊ အလောင်းဘုရားနဲ့ ဗန္ဓုလဆိုတဲ့ ကျောင်းကောင်စီ ကတိသစ္စာအတိုင်း စိတ်ဓာတ်များကို နိုးကြားအောင်သွေးနေနိုင်ကြမယ်ဆိုရင်တော့ ဆရာမကြီးကို ကျေးဇူးဆပ်ရာရောက်မယ်လို့ ဉာဏ်မီသလောက်တွေးမိပါရဲ့

**ကျောင်းပေါင်းစုံ** – အင်္ဂလိပ်ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ရှိတ်စပီးယား၊ မဟာရာဂျာပြဇာတ်၊ ကျွမ်းဘား၊ ရေကူး၊ ပန်းချီ။

**စာဆိုတော်နေ့** – မြန်မာ့ယဉ်ကျေးမှုဖော်ထုတ်ရေး၊ စာရေးသူကိုယ်တိုင် စောင်းကောက်တီးဖျော်ဖြေခဲ့ဖူးပါတယ်။ တေးသရုပ်ဖော်ကဗျာလွတ်အက၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေးနေ့။

ကရင်တိုင်းရင်းသူ ကျောင်းအုပ်ဆရာမကြီးက တိုင်းရင်းသားပေါင်းစုံပါဝင်တဲ့ ဘော်ဒါဆောင်ကို စည်းကမ်းသေဝပ်၊ ညီညီညွတ်ညွတ် ဘော်လီဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော ဘယ်ဘက်ကမှ မလွတ်စတမ်း ဘက်စုံဖွံ့ဖြိုးရေးကို ခေါင်းဆောင်ကောင်းပီသစွာ ဒီမိုခရက်တစ် စည်းမျဉ်းနဲ့ လက်တွေ့ပျိုးထောင်ပေးတဲ့ ဥယျာဉ်မှူး ဗိသုကာဆရာမကြီးရယ်ပါ။

**ကျောင်းပွဲတော်** – ပထမဆုံးကျောင်းပွဲတော်ကို လသာ(၂)ကစခဲ့ပါတယ်။ သိပ္ပံပြခန်း၊ သင်္ချာပြခန်း၊ မြန်မာစာပေပြခန်း စသည်အားဖြင့် ပညာရေးပွဲတော်ကို လသာ(၂)ကျောင်းမှာ စလုပ်ခဲ့ပြီး ကျောင်းပေါင်းစုံကို ဖိတ်ကြားလာကြည့်စေခဲ့ပါတယ်။ သိပ္ပံပြခန်းက လူကြိတ်ကြိတ်တိုးတယ်လို့ ကြားသိရပါတယ်။ မြန်မာမုန့်မျိုးစုံ ပြသစီမံခဲ့ပါတယ်။ ဆရာမကြီးရဲ့ INITIATIVE တွေပါ။

**အတွင်းစည်းမှ အပြင်စည်းသို့** – ဒါကဘာပြောတာလဲ။

ကျောင်းသားလူငယ်ပွဲတော်နဲ့ SEA GAME အရှေ့တောင်အာရှအားကစားပွဲတော်တွေမှာ ကျောင်းကလွှတ်တဲ့ ကိုယ်စားလှယ်တွေမှ အများကြီးပါ။ အားကစားသမားတွေ ကတ်ပြားကိုင်ပြီး စာလုံးဖော်တာ၊ တေးသရုပ်ဖော်တွေ သမီးကျောင်းသူလေးတွေကို ဝင်ဆံ့စေခဲ့ပါတယ်။ ပညာရဲရင့် ပွဲလယ်တင့်စေခဲ့တယ်။

**ပြေးခုန်ပစ်** – ဘာတွေပြေးပြီး ဘာတွေပစ်တာလဲ။

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဖြစ်တဲ့ ကျောင်းအုပ်ဆရာမကြီးဟာ အမျိုးသားရေကူးကန် မှာ သမီးကျောင်းသူလေးတွေကို လေ့ကျင့်မွမ်းမံပေးခဲ့ရုံသာမက ကျွမ်းဘားအားကစားနည်းကိုလည်း မလွတ်ပါ။ ကျောင်းတွင်းနှစ်ပတ်လည် အားကစားပြိုင်ပွဲတွေ နှစ်စဉ်ကျင်းပစီစဉ်ပေးပါတယ်။

**ဘင်ခရာ** – ပထမဆုံး ကျောင်းဘင်ခရာကို JAZZ BAND၊

**လေကြောင်းလူငယ်** – ကျောင်းပေါင်းစုံလေကြောင်းလူငယ် လူရွေးပွဲမှာလည်း စာရေးသူပါဝင်ခွင့်ရခဲ့ပါတယ်။ ၅၀၈ လေတပ်စခန်းကဆရာကြီး။ (နာမည်တော့မမှတ်မိပါ) သူ့ကျေးဇူးများပါတယ်။ နောက် ဗိုလ်မှူးတင်သိန်းလား၊ COACH နာမည်တွေ မမှတ်မိတာ စာရေးသူရဲ့ အားနည်းချက်ပါ။ အဲဒီတုန်းက GLIDER မောင်းချင်လို့ဝင်တာပါ။ ဦးလေးတစ်ယောက်က လေကြောင်းဝတ်စုံနဲ့ GLIDER မောင်းတာ အားကျလို့ဝင်တာပါ။ စာရေးသူတို့နှစ်က GLIDER တွေ သက်တမ်းကုန်လို့ဆိုပြီး မမောင်းရဘဲ လေယာဉ်စက်ပြင်တွေ အစမ်းမောင်းတဲ့ ခုံမပါတဲ့လေယာဉ်ကိုပဲ မတ်တပ်ရပ်ပါသွားခဲ့ပြီး PILOT အခန်းထဲမှာ ရှင်းပြတာ သင်ယူခဲ့ရပါတယ်။ မမေ့နိုင်တာက ဆရာကြီးသင်ပြတဲ့ INITIATIVE တို့ BULLDOG-MENTALITY တို့ စတဲ့ CONCEPT တွေ အများကြီး သင်ပေးလိုက်တာ ဒီနေ့ထိမမေ့၊ ဒီနေ့ထိ လက်တွေ့အသုံးချဆဲပါ။

**ကြက်ခြေနီ** – လသာမြို့နယ် ကြက်ခြေနီသင်တန်းကိုလည်း ဆရာဦးအောင်မြိုင်လာပြီး စစ်သင်တန်းဘယ်–ညာမောင်းပါတယ်။ ဆေးရုံကြီးရှေ့ဆိုတော့ ဆရာဝန်တွေ၊ သူနာပြုတွေလာပြီး ရှေ့ဦးသူနာပြုသင်တန်းပေးပါတယ်။

**အိမ်တွင်းမှုအချက်အပြုတ်** – တစ်ပတ်မှာ တစ်ချိန် အိမ်တွင်းမှု ဘာသာရပ်သင်ရပါတယ်။ စစ်ချီတက်တာသိပ်ကြိုက်တဲ့ စာရေးသူက နောက်ပိုင်း အချုပ်အလုပ်အတန်းကို SKIP လုပ်ခွင့်ရသွားတာ ဘင်ခရာကျေးဇူးပါ။ လက်ချုပ်မလုရင် ဆရာမက စိတ်တိုပြီးအော်တတ်လို့ ထွက်ပြေးခွင့်ရသွားပါတယ်။ အမြဲတမ်းဘင်ခရာစစ်ကြောင်းပုံစံ နေပူထဲမှာ၊ ကွင်းထဲမှာပဲ ပျော်ခဲ့ရတဲ့၊ အတန်းမတက်ဘဲ တရားဝင်လစ်ခွင့်ရတဲ့ လေ့ကျင့်ကွင်းကတော့ ဘင်ခရာပါ။

**ခေါင်းဆောင်မှုနဲ့ ရဲဝံ့ပြတ်သားဆုံးဖြတ်ချက်မှု(၇)ချက်**

ဆရာမကြီးလမ်းဖွင့်ပေးလို့ ကျောင်းပေါင်းစုံဖွင့်တဲ့ ရှိသမျှသင်တန်းတက်ခွင့်ရတဲ့ထဲက မှတ်မိသလောက် ပြန်စဉ်းစားရရင်တော့–

(၁) **INTEGRITY** ရိုးသားဖြောင့်မတ် တည်ကြည်မှု။ ကိုယ်ကျင့်သိက္ခာ ဖြောင့်မတ်စွာ မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်နဲ့ ဆုံးဖြတ်ချက်ချနိုင်စွမ်း။

**စာမျက်နှာ ၉ သို့** ☆

# ပုပ္ပားတောင်ဒေသအား နိုင်ငံတကာအသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုခံရရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်



နေပြည်တော် စက်တင်ဘာ ၁၀

အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာကော်မတီ (၁/ ၂၀၂၄) အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အင်ကြင်းခန်းမ၌ ကျင်းပပြုလုပ်သည်။

အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ကော်မတီအဖွဲ့ဝင်ညွှန်ကြားရေးမှူးချုပ်များ၊ ဖိတ်ကြားထားသော အဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းမှ တာဝန်ရှိသူများက Virtual စနစ်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရရေး အလားအလာကောင်းများ အများအပြားရှိသည့်အနက် ပုပ္ပားတောင်ဒေသသည် အလားအလာ အကောင်းဆုံးဖြစ်သည့်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မြန်မာနိုင်ငံ၏ ပထမဆုံးသော အမျိုးသားအဆင့် ဘူမိဥယျာဉ်အဖြစ် ပုပ္ပားတောင်အမျိုးသား ဘူမိဥယျာဉ်ကို သတ်မှတ်ကြေညာပြီး ဖြစ်ကြောင်း၊ ၎င်းအား နိုင်ငံတကာ အသိအမှတ်ပြု ကမ္ဘာလုံးဆိုင်ရာ ဘူမိဥယျာဉ်အဖြစ် အသိအမှတ်ပြုခံရရေးအတွက် ယူနက်စကိုသို့ စာရင်းတင်သွင်းရာတွင် သဘောသဘာဝမတူညီသော ဘူမိနယ်မြေများလေ ပိုကောင်းလေဖြစ်သောကြောင့် တိကျသော နယ်နိမိတ်အဝန်းအတွင်း နောက်ထပ် ဘူမိနယ်မြေအသစ်များကို ဆက်လက်ဖော်ထုတ်ရာ ကနဦးဘူမိနယ်မြေ ၁၅ ခုနှင့် ဖွဲ့စည်းပြီး ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ကို အဆိုပြုနယ်မြေ ၁၅ ခုဖြင့် ထပ်မံတိုးချဲ့ပြင်ဆင်ဖွဲ့စည်းနိုင်ရေး အကောင်အထည်ဖော်ရာတွင် ကော်မတီဝင်များက ကဏ္ဍအလိုက် တာဝန်ခွဲဝေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ဘူမိဥယျာဉ်အဖြစ် သတ်မှတ်ခံရပါက မြန်မာနိုင်ငံ၏ သယံဇာတကြွယ်ဝမှုနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကမ္ဘာ့နိုင်ငံများက ပိုမိုသိရှိလာပြီး ရှေးဟောင်းအမွေအနှစ် ယဉ်ကျေးမှုသမိုင်း၊ ဇီဝမျိုးစုံမျိုးကွဲ သဘာဝအလှတရားများ တစုတစည်းတည်းကို ဘူမိဥယျာဉ်တွင် တွေ့ရှိရမည်ဖြစ်ကြောင်းနှင့် ကမ္ဘာ့အဆင့် ဘူမိဥယျာဉ်သတ်မှတ်နိုင်ရန် စီမံခန့်ခွဲရေးနှင့် သက်ဆိုင်သော ဌာနအဖွဲ့အစည်းများ၊ ပညာရပ်နှင့် သုတေသနဆိုင်ရာ အဖွဲ့အစည်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်နှင့် ကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ချက် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားကော်မတီအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ အတွင်းရေးမှူး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်က အမျိုးသားအဆင့် ဘူမိဥယျာဉ်ဆိုင်ရာ လုပ်ငန်းတိုးတက်မှုကို လည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး-၁ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အဆိုပြုဘူမိနယ်မြေ ၁၅ ခု သတ်မှတ်ဖွဲ့စည်းနိုင်ရေးနှင့် ရန်ပုံငွေသုံးစွဲမည့် အစီအစဉ်ပြင်ဆင်နိုင်ရေးကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး-၂ ဘူမိဗေဒနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ယူနက်စကို တစ်ကမ္ဘာလုံးဆိုင်ရာ စိစစ်ရန်အချက် ၁၀၁ ချက် အကောင်အထည်ဖော်ရာတွင် ကော်မတီအဖွဲ့ဝင်များ၏ တာဝန်ခွဲဝေမည့် အစီအစဉ်များကိုလည်းကောင်း မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်း Geopark ကော်မတီဥက္ကဋ္ဌက UNESCO Global Geopark Management ဆိုင်ရာများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက အကြံပြု ဆွေးနွေးကြပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအား ဆုံးဖြတ်ကြသည်။

**သတင်းစဉ်**

---

☆ စာမျက်နှာ ၈ မှ

(၂) **RESPECT** လေးစားမှု။ အထက်လူကြီး၊ တန်းတူ၊ လုပ်ဖော်ကိုင်ဖက်၊ လက်အောက်ငယ်သားကို အလေးထားဂရုစိုက်မှု၊ မိမိနဲ့ အယူအဆမတူ၊ ဝိဝါဒကွဲပြားမှုများကို အလေးထားစဉ်းစား နားထောင်နိုင်စွမ်း။

(၃) **RESPONSIBILITY** တာဝန်ယူမှု၊ တာဝန်ခံမှု။

မိမိဆုံးဖြတ်ချက်ဟာ အကောင်းလည်းဖြစ်လာနိုင်သလို အဆိုးလည်းဖြစ်သွားနိုင်ပါတယ်။ စွန့်စားအန္တရာယ်များတဲ့ ဘယ်လိုအကျိုးဆက်ပဲ ကြုံလာရပါစေ သူများကို အပြစ်မတင်ဘဲ မိမိဆုံးဖြတ်ချက်ကိုမိမိ အပြည့်အဝတာဝန်ယူနိုင်စွမ်း။

(၄) **FAIRNESS** တရားမျှတမှုရှိခြင်း။ မိမိဆုံးဖြတ်ချက်က တစ်ဖက်လူကို ဘယ်လို ထိခိုက်နစ်နာစေနိုင်သလဲဆိုတာ မျှမျှတတ ထည့်စဉ်းစားပြီးမှ မှန်ကန်သော ဆုံးဖြတ်ချက်ချနိုင်စွမ်း။

(၅) **COURAGE** မိမိယုံကြည်ချက်အပေါ် ရဲရဲဝံ့ဝံ့ ရပ်တည်ခြင်း၊ ဘယ်လောက်ပဲ ခက်ခဲကြမ်းတမ်း အတိုက်အခံများ ရင်ဆိုင်ရပါစေ၊ လုပ်သင့်လုပ်ထိုက်တာကို မတွေဝေ၊ မတုံ့ဆိုင်းဘဲ မဆိုင်းမင့် ရဲဝံ့တည်ကြည်စွာ ဆုံးဖြတ်ချက်ချ၊ မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်စွမ်း။

(၆) **COMPASSION** ကရုဏာတရား၊ ရိုင်းပင်းစာနာမှု။

ဆုံးဖြတ်ချက်ချစရာရှိတဲ့အခါ မိမိကိုယ်ရေးကိုယ်တာကို ဦးစားပေးငဲ့ကွက်မှု လုံးဝမဟုတ်ဘဲ လူသားဆန်သော၊ လူပီသသော ညှာတာထောက်ထားမှုကို ထည့်သွင်းစဉ်စားပြီး ကိုယ်ကျင့်သိက္ခာနဲ့အညီ တည်ငြိမ်စွာ ဆုံးဖြတ်ချက်ချနိုင်စွမ်း။

(၇) **WISDOM** ဉာဏ်ပညာ၊ အမြော်အမြင်၊ အရာရာကို ဉာဏ်နဲ့ ဆင်ခြင်သုံးသပ်ခြင်း။ POPULIST APPROACH မိမိကို လူကြိုက်များအောင် လိုက်စည်းရုံး မြှူဆွယ်သွေးဆောင်မှု မရှိဘဲ ဦးနှောက်နဲ့ နှလုံးသား ချိန်ခွင်လျှာညီမျှအောင် ဉာဏ်နဲ့ယှဉ်သော ဆင်ခြင်တုံတရားနဲ့ ဆုံးဖြတ်ချက်ချနိုင်စွမ်း။

ရင်ဝယ်သားလို သမီးကျောင်းသူတွေကို စောင့်ရှောက်ပြုစုပျိုးထောင်ပေးခဲ့တဲ့ ကျောင်းအုပ်ဆရာမကြီးရဲ့ ပြုလို့မကုန်၊ ရေတွက်လို့မကုန်နိုင်သော ဒီအခြေခံမူများ အတိုင်းပါပဲ။ တခြားဆရာမတွေကလည်း ယနေ့ထိ သမီးကျောင်းသူတွေကို နွေးနွေးထွေးထွေး ဆုံးမဩဝါဒတွေ ပေးနေဆဲပါ၊ နွေးနေဆဲပါ။

**Social Fund** လူမှုရေး၊ ကျန်းမာရေးစောင့်ရှောက်မှုရန်ပုံငွေကို ၂၀၁၈ ခုနှစ်မှာ Class 77 က အေးအေးမင်း ဦးဆောင် ထူထောင်ခဲ့ပါတယ်။ ဒေါက်တာမဖိတ်အိန်၊ ဗိုလ်မှူးကြီး ဒေါက်တာကေသီထွန်းတို့ JOINT ACCOUNT ဖွင့်ပြီး ရန်ပုံငွေကို ထိန်းသိမ်းပေးကြပါတယ်။ အလှူငွေကို သမီးကျောင်းသူတွေရဲ့ သဒ္ဓါတရားနဲ့ တတ်စွမ်းသမျှ ထည့်ဝင်ကြပါတယ်။ ဘယ်လောက်လှူရမယ်မသတ်မှတ်ပါ။ တချို့သော ကန်တော့ခံဆရာမတွေကလည်း ကန်တော့ငွေကို ရန်ပုံငွေထဲ ပြန်လှူကြတာရှိပါတယ်။

၁၉၆၆ ခုနှစ်ကနေ ၁၉၇၇ ခုနှစ်အထိ အလုပ်ဝင်ခဲ့တဲ့ဆရာမတွေ၊ စာကြည့်တိုက်မှူး၊ ဆေးခန်းသူနာပြုစတဲ့ ဝန်ထမ်းတွေကို စောင့်ရှောက်ပေးတဲ့ ရန်ပုံငွေပါ။ အစပိုင်းက နေမကောင်းသူ၊ ဆေးရုံတက်သူ ဆရာမတွေကို နှစ်သိန်း အခုတော့ သုံးသိန်း လှူပါတယ်၊ မိသားစုဝင်နာရေး တစ်သိန်း လှူပါတယ်။ ရန်ပုံငွေစထောင်ကတည်းက ဆရာမ ၉၀၊ ဝန်ထမ်း ၁၆ ဦးကို စောင့်ရှောက်ခဲ့တာ အခု၂၀၂၄ ခုနှစ်မှာ ဆရာမ ၇၀ ခန့်သာ ကျန်ပါတော့တယ်။ နေမကောင်းသူဆရာမတွေထံ ကိုယ်တိုင်သွားရောက်ပေးတဲ့ Class 76၊ 77၊ 78 သမီးကျောင်းသူတွေ၊ အလှူရှင်တွေအားလုံးကို အဝေးကနေ ကျေးဇူးတင်ပါတယ်။

**BACK TO THE FUTURE (အတိတ်မှသည် အနာဂတ်ဆီသို့)**

ကိုင်း - စာရေးသူတို့လသာ (၂) သမီးကျောင်းသူတွေ နာယကဂုဏ်ခြောက်ပါးနဲ့အညီ ဆန်ရင်းနာနာဖွပ် လေ့ကျင့်မွမ်းမံပေးခဲ့တဲ့ ဆရာမကြီးနဲ့ ဆရာမတွေလိုပဲ ကျောင်းတုန်းက သင်ယူခဲ့သမျှ လက်ရှိဘဝအတွေ့အကြုံတွေ၊ စာတွေ့လက်တွေ့ပေါင်းပြီး ဒီအတွင်းအရှိုတ္တာ အရည်အသွေးတွေ ဒီတန်ဖိုးတွေကို မျိုးဆက်သစ်တွေဆီ ပခုံးလွှဲပြောင်းပေးဖို့ ဘာတွေများလုပ်ပေးနိုင်ပါမလဲ။

သင်သေသွားသောအခါဝယ် ..... တန်ဖိုးရှိသောအမွေ ဘာတွေထားခဲ့မှာပါလဲ။ ဆရာဇော်ဂျီက..မေးပြီ။ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြူရီယယ်ထွန်းကျော်ကလည်းပဲ တမလွန်ကနေ ကိုယ့်နှလုံးသားကို စိုက်ကြည့်နေသလို မေးနေသလို ခံစားရပါတယ်။ စာရေးသူ အပြစ်မကင်းသလို၊ တာဝန်မကျေသလိုလည်း ခံစားရပါတယ်။ တို့တွေ ဘာလုပ်ကြမှာလဲ။

တေးရေး ကိုကနဲ ရေးပြီး အဆိုတော်မျိုးကြီးသီဆိုတဲ့ 'ညီလေး' သီချင်းကို သိပ်ကြိုက်လို့ အမြဲဆိုမိပါတယ်၊ **"အောင်မြင်မှု ကြီးကြီးမားမားမရချင်နေပါ လူတွေကို မင်းကြောင့် မျက်ရည်မကျစေနဲ့ပေါ့ကွာ ရန်သူတစ်ထောင်လဲကျဖို့ မင်းမတတ်နိုင်လဲကွာ လူတစ်ယောက်ကို ဆွဲထူပါ..... လူတွေရဲ့ချီးမွမ်းခြင်းနဲ့ ကဲ့ရဲ့ခြင်းဟာ အားလုံးခဏတွေပါ"** တဲ့။

ဒီကနေ့ခေတ်မှာ ရေပန်းစားနေတဲ့ EMOTIONAL INTELLIGENCE တွေ၊ စိတ်ခံစားမှုဆိုင်ရာ ဉာဏ်စွမ်း၊ ဉာဏ်စတွေ ကျောင်းကောင်စီကို အတန်းလိုက်မဲခွဲစနစ်နဲ့ ရွေးချယ်ခဲ့တာတွေ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတွေဟာ ဒီမိုခရက်တစ် အခြေခံစည်းမျဉ်းတွေ မဟုတ်ပါလား။ ဒါတွေကို ဆိုရှယ်လစ်ခေတ်မှာ ဆရာမကြီးက စံပြအနေနဲ့ ဦးဆောင်လုပ်ပြသွားခဲ့တယ်။

မနက်တိုင်း နိုင်ငံတော်သီချင်းဆိုပြီးရင် ကျောင်းသီချင်း၊ ကတိသစ္စာလေးချက်၊ အခြေခံတဲ့ကျောင်းကောင်စီသီချင်းတွေ ဆိုခဲ့ရတာဟာ ရင်ထဲကို သစ္စာတွေ ရိုက်သွင်းပေးခဲ့တဲ့ ဆရာမကြီးရဲ့ SOFT SKILLS တွေပါ။ ဆရာဇော်ဂျီပြောတဲ့ သင်၏မျိုးသား စာစကားတွေ၊ စေတီနဲ့ သစ္စာတရားတွေ၊ ဉာဏ်ပညာထိန်ပြောင်အောင် စာရေးသူတို့တွေ မစွမ်းဆောင်နိုင်ရင်တော့ တာဝန်မကျေ အပြစ်ရှိသလို ခံစားနေရဦးမှာပါ။

ဘာမှမလုပ်နိုင်ရင်တောင် မနက်တိုင်းဆိုခဲ့ရတဲ့ နိုင်ငံတော်သီချင်း၊ နိုင်ငံတော်အလံ၊ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ကတိလေးချက်ပေးခဲ့တဲ့ မိမိကိုယ်၊ မိမိအတန်း၊ မိမိကျောင်း၊ မိမိတိုင်းပြည်အတွက် သစ္စာရှိရှိနဲ့ တစ်ဦးချင်းထိန်းသိမ်းနိုင်လိမ့်မယ် ထင်ပါတယ်။ ဝါ၊ စိမ်း၊ နီ၊ ပြာ အသင်းလေးသင်းနဲ့ ဖွဲ့စည်းခဲ့တဲ့ကျောင်းကောင်စီဟာ အရောင်တွေကွဲ၊ စိတ်ဝမ်းတွေကွဲ၊ အမြင်မတူ၊ ရန်သူမထင်စတမ်း၊ ကျန်စစ်သားနဲ့ ဘုရင့်နောင်၊ အလောင်းဘုရားနဲ့ ဗန္ဓုလဆိုတဲ့ ကျောင်းကောင်စီ ကတိသစ္စာအတိုင်း စိတ်ဓာတ်များကို နိုးကြားအောင်သွေးနေနိုင်ကြမယ်ဆိုရင်တော့ ဆရာမကြီးကို ကျေးဇူးဆပ်ရာရောက်မယ်လို့ ဉာဏ်မီသလောက်တွေးမိပါရဲ့။

**သင့်ကြောင့် မီးမလောင်ပါစေနဲ့၊ သင့်ကြောင့် သူတစ်ပါးမျက်ရည်မကျပါစေနဲ့၊ သူများကို တက်နင်းကျော်ခွ၊ သူများအပူစာတွေ သင်စားမိပြီး အထက်တက်ဖို့ ကြိုးစားရင်တော့ သင့်ကို အောက်မှာငရဲမီးက ပြုံးပြလို့နေပါပြီ၊ ဒါတွေသင်တွေးမိရဲ့လား။**

သင်သေသွားသောအခါဝယ် မျိုးဆက်သစ်အတွက် ဘာအမွေထားခဲ့မှာလဲ။ လေးလေးနက်နက် စဉ်းစားဖို့လိုပြီ။

နိုင်ငံတော်အလံ၊ နိုင်ငံတော်သီချင်းနဲ့ ကတိသစ္စာလေးချက်ကတော့ ရင်ထဲသံမှိုစွဲအောင် တမလွန်ကနေ ဆရာမကြီးက စာရေးသူနှလုံးသားကို ညှို့ယူဖမ်းစား သတိပေးလို့ဖြင့်နေပါပြီ။ သံသရာအဆက်ဆက် ဒီလိုဆရာသမားကောင်းအရိပ် ခိုလှုံပညာသင်ကြားခွင့်ရပါစေလို့ ဆုတောင်းရင်း ဘဝအဆက်ဆက်မှစ၍ ယခုဘဝအထိ အတတ်ပညာမျိုးစုံ သင်ကြားပေးခဲ့ကြသော မိဘ၊ ဆရာအားလုံးရဲ့ အနန္တောအနန္တဂုဏ်၊ အာစရိယဂုဏ်၊ နာယကဂုဏ်များ၊ မွေးဖွားရာမြေ၊ အမိမြန်မာပြည်ကို ဦးညွှတ်အလေးပြု ကန်တော့ဂါရဝပြုပါတယ်။

---

**ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်**

# ဘားအံမြို့နယ် အိန္ဒြဲကျေးရွာအုပ်စု၌ သုတရတနာ စာကြည့်တိုက်သစ်ဖွင့်လှစ်



ဘားအံ စက်တင်ဘာ ၁၀

မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ထောက်ပံ့ငွေကျပ်သိန်း ၁၅၀၊ ပြည်သူလူထုထည့်ဝင်ငွေကျပ်သိန်း ၉၀ စုစုပေါင်းငွေကျပ်သိန်း ၂၄၀ ကျော်ဖြင့် တည်ဆောက်ပြီးစီးသည့် ဘားအံမြို့နယ် အိန္ဒြဲကျေးရွာအုပ်စုရှိ သုတရတနာ စာကြည့်တိုက်သစ်ဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ကျင်းပသည်။

စာကြည့်တိုက်ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားသည်။

ထို့နောက် စေတနာရှင် အလှူရှင်များနှင့် ဌာနဆိုင်ရာများက စာကြည့်တိုက်အတွက် ငွေပဒေသာပင်များ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် ကရင်ပြည်နယ်စာကြည့်တိုက်များ ဖောင်ဒေးရှင်းဥက္ကဋ္ဌက သုတရတနာစာကြည့်တိုက်အတွက် ပြည်နယ်လူမှုရေးရာဝန်ကြီးထံ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမောင်မောင်က စာကြည့်တိုက်များ တည်ဆောက်ဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဘားအံခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်လွင်က စာကြည့်တိုက်အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာအုပ်စာစောင်နှင့် ပရိဘောဂများကို စာကြည့်တိုက်ကော်မတီထံ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ရပ်မိရပ်ဖတစ်ဦးတို့က သုတရတနာစာကြည့်တိုက်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တက်ရောက်လာသော ယဉ်ကျေးမှုအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စာကြည့်တိုက်အဆောက်အအုံအား အမွှေးနံ့သာရည်များ ပက်ဖျန်း၍ စာကြည့်တိုက်အတွင်းရှိ စာအုပ်စာစောင်၊ ပရိဘောဂများနှင့် ဒေသခံပြည်သူများ၏ သုတ၊ ရသ စာအုပ်စာစောင်များ လာရောက်လေ့လာဖတ်ရှုနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကြပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကော့သောင်းမြို့၌ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အခမ်းအနား ကျင်းပ

ကော့သောင်း စက်တင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံမှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ကော့သောင်းမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က အမှာစကားပြောကြားသည်။

**ဆုချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနား ဆက်လက်ကျင်းပရာ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးခင်မောင်မြင့်က ကျပန်းပြိုင်ပွဲ မှ ဆုရကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လူသာက စာဖတ်စွမ်းရည်ပြိုင်ပွဲမှ ဆုရကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုချီးမြှင့်သည်။ ယင်းနောက် စစ်ဗျူဟာအဖွဲ့အခြေချ (ကော့သောင်း)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး တင်မောင်ကျော်က စာစီစာကုံး (အထက်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က စာစီစာကုံး (အလယ်တန်း)အဆင့်တွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုချီးမြှင့်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ခရိုင်လဝကမှူး ဦးကိုကိုနိုင်က ပုံပြင်ပြောပြိုင်ပွဲမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြတ်မင်းထွေးက ကဗျာရွတ်ဆိုပြိုင်ပွဲမှ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း ဆုချီးမြှင့်သည်။

ဆက်လက်၍ နှစ်သိမ့်ဆုရ ကျောင်းသား ကျောင်းသူများအား တိုင်းဒေသကြီးနှင့်ခရိုင်မှ တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များပေးအပ်ချီးမြှင့်ပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့နှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာစောင်များလှူဒါန်းရာ အထက(၁) ကျောင်းအုပ်ဆရာမကြီးဒေါ်အေးလှက လက်ခံရယူကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# မော်လမြိုင်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲများ ကျင်းပ

မော်လမြိုင် စက်တင်ဘာ ၁၀

မွန်ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။



**ပေးအပ်ချီးမြှင့်**

အဆိုပါပြိုင်ပွဲသို့ အခြေခံပညာအထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ရာ ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်၊ ပြည်နယ်ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်သူရလှိုင်၊ ကျောင်းအုပ်ဆရာကြီးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်ရောက်သည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်နှင့် ဘောပင်များ ပေးအပ်ချီးမြှင့်သည်။ ယင်းပြိုင်ပွဲတွင် ဆုရရှိသူများအား ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

■

# လှည်းကူးမြို့နယ်၌ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

လှည်းကူး စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၌ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(လှည်းကူး) အောင်ဆန်းခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက( လှည်းကူး) ကျောင်းသား ကျောင်းသူများက ဘက်စုံပညာကိုရည် တို့လှမ်းချီ သီချင်းဖြင့် ဧည့်ခံဖျော်ဖြေကြသည်။ ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်မြတ်ထွေးက ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်းဖွင့်ပွဲ ကျင်းပ



ရန်ကုန် စက်တင်ဘာ ၁၀

တာမွေမြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၉ ရက် နံနက်က တာမွေမြို့နယ် မီးသတ်ဦးစီးမှူးရုံး၌ ပြုလုပ်ရာ သဃ်န်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးလှသိန်းက သင်တန်းအဖွင့်အမှာစကားပြောကြားသည်။ အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကိုးအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၁)ဗိုလ်မှူး ဖြိုးပြည့်စုံ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိ ရပ်ဖနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသားများအား မီးအတန်းအစားခွဲခြားခြင်းပညာရပ်များ၊ မီးသတ်စက်များဖြင့်လေ့ကျင့်ခြင်း၊ မီးခိုးနှင့်အမှောင်ထုအတွင်း သွားလာလှုပ်ရှားခြင်းပညာရပ်များ၊ ရှာဖွေကယ်ဆယ်ရေးပညာရပ်များဖြစ်သည့် အခြေခံကြိုးချည်နည်း၊ အသက်ရှူကိရိယာအသုံးပြုနည်းနှင့် လူနာသယ်ယူရွှေ့ပြောင်းနည်းစသည့် ပညာရပ်များကို တစ်လကြာ တက်ရောက်သင်ကြားရမည်ဖြစ်သည်။ အဆိုပါသင်တန်းသို့တာမွေမြို့နယ်အရန်မီးသတ်တပ်ဖွဲ့ဝင် ၅၀ တက်ရောက်ကြသည်။ **မျိုးမင်းသူရ**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့် မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် တောင်ကြီးမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှုစစ်ဆေး

တောင်ကြီး စက်တင်ဘာ ၁၀

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများသည် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက တောင်ကြီးမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် နမ့်တဘက်ရေလွှဲဆည်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုအား သွားရောက်ကြည့်ရှုရာ စီမံကိန်းတာဝန်ရှိသူတစ်ဦး၏ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါနမ့်တဘက်ရေလွှဲဆည်သည် စီမံကိန်း အကျိုးပြုဧရိယာ ဧက ၆၄၀၀ ဖြစ်ပြီး စိစစ်ပြီး အကျိုးပြု ဧရိယာ ၅၈၉၇ ဧကဖြစ်ကြောင်း၊ ဒေသခံတိုင်းရင်းသားပြည်သူများအတွက် စိုက်ပျိုးရေးလုပ်ငန်းများတွင် အကျိုးပြုလျက်ရှိကြောင်း သိရသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် လေးမိုင်ကွေ့-နောင်တလီ-ညိုမီး- နောင်ပနားဗွာ - လင်ကွင်း- ထီရီး(မွေးမြူရေးဇုန်)- ရွှေညောင် ကျေးရွာချင်းဆက်လမ်းပိုင်းသို့ ရောက်ရှိပြီး ဒေသတွင်းကုန်စည်စီးဆင်းမှု လွယ်ကူလျင်မြန်ချောမွေ့စေရေးနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ရှမ်းပြည်နယ်(တောင်ကြီး)မှ တာဝန်ရှိသူများက ကီလိုမီတာ (၇.၂၉.၆)အတွင်း မြေနိမ့်ရန် ဆောင်ရွက်နေမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ယာဉ်သွားလာမှု လွယ်ကူမြန်ဆန်ရေး၊ ဘေးအန္တရာယ် ကင်းဝေးစေရေးအတွက် လုပ်ငန်းများအား စနစ်တကျစီမံဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လူအင်အား၊ စက်ယန္တရားများသုံးစွဲ၍ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စိုက်ပျိုးရေးအထက်တန်းကျောင်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများအတွက် မွမ်းမံသင်တန်းဖွင့်

နေပြည်တော် စက်တင်ဘာ ၁၀

အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း ၈၅ ကျောင်းတွင် သင်ကြားရေးတာဝန် ထမ်းဆောင်လျက်ရှိကြသည့် စိုက်ပျိုးရေးဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအား သင်ကြားရေးနည်းပညာရပ်များနှင့် ရုံးလုပ်ငန်းများ ကျွမ်းကျင်မှု မြင့်မားစေရေး အထောက်အကူပြု သင်တန်းကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်၌ ကျင်းပသည်။



သင်တန်း၌ သင်ကြားရေးနည်းစနစ်နှင့် မေးခွန်းပြင်ဆင်ခြင်း၊ ပညာရေးဆိုင်ရာ စိတ်ပညာ၊ သင်ကြားရေးဆိုင်ရာ ဗီဒီယို ထုတ်လွှင့်ခြင်း၊ စဉ်ဆက်မပြတ် အကဲဖြတ် စိစစ်ရေးလုပ်ငန်းစဉ်၊ ဆရာ ဆရာမများ၏ သွင်ပြင်လက္ခဏာများ၊ ကောင်းမွန်သော သင်ယူလေ့လာမှုဆိုင်ရာ စံနှုန်းစသော ဘာသာရပ်များကို စက်တင်ဘာ ၁၀ ရက်မှ ၁၂ ရက်အထိ အွန်လိုင်းမှ ပို့ချမည်ဖြစ်ပြီး သင်တန်းတွင် ဆရာ ဆရာမ ၂၃၈ ဦး တက်ရောက်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ၌ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် (နည်းပညာ) ဦးမျိုးဇော်က သင်ကြားရေးဆိုင်ရာ တာဝန်ယူထားကြသည့် ပညာရှင်ဝန်ထမ်းများ၏ သင်ကြားပို့ချမှုဆိုင်ရာ အရည်အသွေး မြင့်မားရေးအတွက် သင်တန်းဖွင့်လှစ်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြား၍ သင်တန်းနည်းပြများက သက်ဆိုင်ရာ ဘာသာရပ်များအလိုက် ပို့ချပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်္ဂလာတောင်ညွန့်မြို့နယ် အထက၊ အလကများ ငွေစုငွေချေးသမဝါယမအသင်း၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက၊ အလကများငွေစုငွေချေးသမဝါယမအသင်း၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မင်္ဂလာတောင်ညွန့် အထက(၁) မြတ်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် အသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက ဆောင်ရွက်ပြီး အသင်းသားများ ကျောင်းအားလုံးမှ ပါဝင်နိုင်ရေး၊ စုဆောင်းငွေတိုးမြှင့်စုဆောင်းရေးကိစ္စများ ဆွေးနွေးပြောကြားခဲ့ပြီး မြို့နယ်ပညာရေးမှူးက ချေးငွေထုတ်ချေးခြင်း၊ ပေးဆပ်ခြင်းကိစ္စများဆောင်ရွက်ရာတွင် ကူညီဆောင်ရွက်ရေးကိစ္စရပ်များအား ဆွေးနွေးသည်။

ယင်းနောက်သမဝါယမဦးစီးအရာရှိ ဦးသက်ပြင်းက အသင်းသားပါဝင်ရေး၊ ချေးငွေတိုးမြှင့်ရေးကိစ္စများ၊ အသင်းဥပဒေ၊နည်းဥပဒေများ ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့ပြင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ ဘဏ္ဍာရေးနှစ်အစီရင်ခံစာနှင့် အသင်းသားစာရင်းစစ်အစီရင်ခံစာများကို အမှုဆောင်များက ဖတ်ကြားရှင်းလင်းပြီး အသင်းသားများအား အစုပေါ်အမြတ်၊ စုဆောင်းငွေပေါ်အတိုးနှင့် လက်ဆောင်များပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

# ရေတာရှည်မြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကျေးရွာများ ကွင်းဆင်းစစ်ဆေး

ရေတာရှည် စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ VDP ကျေးရွာများ ဆောင်ရွက်ပြီးစီးမှုအခြေအနေအား ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းစစ်ဆေးခြင်းကို ယမန်နေ့



မွန်းလွဲပိုင်းက ကြံသန္တယ်ကျေးရွာအုပ်စု နန်ချွန် (တောင်)ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာသို့ ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်၊ တောင်ငူခရိုင်ဦးစီးမှူး ဦးသန့်စင်မျိုး၊ ရေတာရှည်မြို့နယ် ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့်အဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ထောက်ပံ့ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေကျပ် သိန်း ၁၆၀ ဖြင့် ဆောင်ရွက်ခဲ့သော ကြံသန္တယ်ကျေးရွာအုပ်စု နန်ချွန် (တောင်) ကျေးရွာတွင် အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ ၆ လက်မ ကျေးရွာတွင်း လမ်းကွန်ကရစ်ခင်းခြင်းနှင့် ရေသန့်စင်စနစ် တည်ဆောက်ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ ကျေးရွာကော်မတီဝင်များက ရှင်းလင်းတင်ပြသည်။

ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ဆောင်ရွက်လျက်ရှိသော ကျေးရွာခြောက်ရွာတွင် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ငူမြို့၌ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက်ရောဂါအကြောင်း အသိပညာပေး

တောင်ငူ စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အမှတ် (၂) ရပ်ကွက် အေးမေတ္တာဆန်စက်ရှိ အလုပ်သမားဝန်ထမ်းများအား တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါနှင့် မျောက်ကျောက် ကူးစက်ရောဂါအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ထိုသို့ကျင်းပရာတွင် တောင်ငူခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာမီမီခင်နှင့် ကျန်းမာရေးဝန်ထမ်းများက အလုပ်သမားဝန်ထမ်းများအား မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားရခြင်း၊ ရောဂါဖြစ်ပွားလေ့ရှိသည့် အချိန်ကာလများ၊ ရောဂါလက္ခဏာများ၊ ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများ၊ ဆောင်ရန်ရှောင်ရန်အချက်များနှင့် ရောဂါဖြစ်ပွားပါက နီးစပ်ရာ ကျန်းမာရေးဌာနများတွင် အချိန်မီဆေးကုသမှု ခံယူရမည်ဖြစ်ကြောင်းနှင့်Mpox(မျောက်ကျောက်)ကူးစက်ရောဂါအကြောင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ HIVကူးစက်ရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါတို့ကို အသိပညာပေး ဟောပြောဆွေးနွေးပြီး ကျန်းမာရေးကြည့်ရှုစစ်ဆေးပေးခဲ့ကြောင်းသိရသည်။

**ဇော်ကိုကို (တောင်ငူ)**



# လာအိုနိုင်ငံ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဧည့်လမ်းညွှန်သင်တန်း ဖွင့်လှစ်

**ဗီယင်ကျန်း စက်တင်ဘာ ၁၀**

လာအိုနိုင်ငံ၌ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်သည့်အနေဖြင့် ဧည့်လမ်းညွှန်သင်တန်းကို မြို့တော်ဗီယင်ကျန်း၌ စက်တင်ဘာ ၉ ရက်မှစတင်၍ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ နိုင်ငံအတွင်း အရည်အသွေးပြည့်မီသည့် ဧည့်လမ်းညွှန်များ အများအပြားမွေးထုတ်ပေးရန်အတွက် ဖြစ်သည်။

**လေ့ကျင့်သင်ကြားပေးမည်**

စက်တင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၂၉ ရက်အထိ ဖွင့်လှစ်သင်ကြားမည့် ယင်းသင်တန်းတွင် ခရီးသွားများအား နိုင်ငံအတွင်းရှိ ဒေသများသို့ အလည်အပတ်ခရီးများ ပို့ဆောင်ရာတွင် ဝန်ဆောင်မှုကောင်းစွာပေးနိုင်သည့် ဧည့်လမ်းညွှန်ကောင်းတစ်ဦး ဖြစ်လာစေရေး လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း လာအိုအမျိုးသား ရေဒီယိုအသံလွှင့်ဌာနက ပြောကြားသည်။ သင်တန်းတွင် ဧည့်လမ်းညွှန်တစ်ဦး သိရှိရမည့် အချက်အလက်များနှင့် လာအိုနိုင်ငံ၏ယဉ်ကျေးမှုဆိုင်ရာအကြောင်း အရာများကိုလည်း သင်ကြားပေးမည်ဖြစ်သည်။ လက်ရှိအချိန်တွင် လာအိုနိုင်ငံ၏ ခရီးသွားလုပ်ငန်းသည် ဖွံ့ဖြိုးတိုးတက်မှုရရှိနေကာ ခရီးသွားကဏ္ဍနှင့် ဆက်စပ်နေသည့်လုပ်ငန်းများမှာလည်း တိုးတက်မှုများရှိကြောင်းနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးတွင် နိုင်ငံအတွင်းဒေသအသီးသီးရှိ ဒေသခံများကလည်း ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒလာနီဖိုမာဗွန်ဆာက ပြောကြားသည်။ ၂၀၂၄



လာအိုခရီးသွားနှစ်၌ နိုင်ငံအတွင်း ခရီးသွားအများအပြားလာရောက်ရေးအတွက် ပြည်ဝင်ခွင့် ဗီဇာကန့်သတ်ချက်များ ဖြေလျှော့ပေးခြင်းနှင့် နေထိုင်ခွင့်ပြုသည့်ကာလ တိုးမြှင့်သတ်မှတ်ခြင်းတို့ကို တာဝန်ရှိသူများက ဆောင်ရွက်နေသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကမ္ဘောဒီးယား၏ နိုင်ငံခြားကုန်သွယ်မှု ၁၆ ဒသမ ၅ ရာခိုင်နှုန်း တိုးလာခဲ့

**ဖနောင်ပင် စက်တင်ဘာ ၁၀**

ကမ္ဘောဒီးယားနိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၄ ခုနှစ် ပထမရှစ်လအတွင်း အမေရိကန်ဒေါ်လာ ၃၆ ဒသမ ၄၈ ဘီလီယံအထိ ရှိလာခဲ့ပြီး ယမန်နှစ် အလားတူကာလက အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၃၂ ဘီလီယံရှိခဲ့ခြင်းကြောင့် ရာခိုင်နှုန်းအားဖြင့် ၁၆ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း စက်တင်ဘာ ၁၀ ရက်က ထုတ်ပြန်သည့် တရားဝင်အစီရင်ခံစာတွင် ဖော်ပြထားသည်။

**စုစုပေါင်းပို့ကုန် တန်ဖိုး**

ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းပို့ကုန်တန်ဖိုးသည် ဒေါ်လာ ၁၇ ဒသမ ၅၈ ဘီလီယံဖြစ်ကြောင်း သိရသည်။ ထို့ကြောင့် ပို့ကုန်တန်ဖိုးသည် တစ်နှစ်ထက်တစ်နှစ် ၁၆ ဒသမ ၇ ရာခိုင်နှုန်း တိုးလာကြောင်း သိရသည်။ ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၏ စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ ဘီလီယံ ရှိခြင်းကြောင့် ၁၆ ဒသမ ၂ ရာခိုင်နှုန်း တိုးလာကြောင်း အကောက်ခွန်နှင့် စည်းကြပ်မှုဦးစီးဌာန၏ အစီရင်ခံစာအရ သိရသည်။



အဆိုပါကာလအတွင်း တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၏ ထိပ်တန်းကုန်သွယ်ဖက်နိုင်ငံအဖြစ် ဆက်လက်ရပ်တည်နေပြီး ၎င်းနောက်တွင် အမေရိကန်၊ ဗီယက်နမ်၊ ထိုင်းနှင့် ဂျပန်နိုင်ငံတို့ ရှိနေကြောင်း အစီရင်ခံစာက ဖော်ပြသည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက်(RCEP) နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (CCFTA) တို့သည် ကမ္ဘောဒီးယားနိုင်ငံ၏ ကုန်သွယ်မှုတိုးတက်ရေးအတွက် မောင်းနှင်အားဖြစ်သည်ဟုလည်း ကမ္ဘောဒီးယားနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ပြောရေးဆိုခွင့်ရှိသူ ပန်ဆိုဗီချိက ပြောကြားခဲ့သည်။

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်တို့ကြောင့် ကမ္ဘောဒီးယားနိုင်ငံ၏ ပို့ကုန်များသည် လာမည့်နှစ်များအတွင်း ဆက်လက်တိုးလာမည်မှာ သေချာကြောင်းလည်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

**အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်**

ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုတွင် အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံဖြစ်သည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်တို့နှင့် ၎င်းတို့၏ ကုန်သွယ်ဖက် ငါးနိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့အပါအဝင် အာရှ-ပစိဖိတ် ဒေသဆိုင်ရာ အဖွဲ့ဝင် ၁၅ နိုင်ငံ ပါဝင်ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဆော်ဒီအာရေဗျနိုင်ငံ၌ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ ထိပ်သီးဆွေးနွေးပွဲ ကျင်းပ

**ရီယာဒ် စက်တင်ဘာ ၁၀**

ဉာဏ်ရည်တုနည်းပညာဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ကျင်းပသည့် တတိယအကြိမ် ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တုနည်းပညာ ထိပ်သီးဆွေးနွေးပွဲကို ဆော်ဒီအာရေဗျနိုင်ငံ ရီယာဒ်မြို့၌ စက်တင်ဘာ ၁၀ ရက်တွင် စတင်ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်အရ သိရသည်။

လူသားမျိုးနွယ်တစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဉာဏ်ရည်တုနည်းပညာကို မြှင့်တင်မည်ဖြစ်ကြောင်း ဆော်ဒီအာရေဗျနိုင်ငံ ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အာဏာပိုင်အဖွဲ့အကြီးအကဲ အဗ္ဗဒူလာ ဘင်ရှာရက် အယ်လ်ဂန်ဒီက ပြောကြားသည်။ ကမ္ဘာပေါ်တွင် လက်ရှိရင်ဆိုင်နေရသည့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို နိုင်ငံများအချင်းချင်း ပူးပေါင်းလက်တွဲ ဖြေရှင်းသွားရမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။ ယင်းထိပ်သီးဆွေးနွေးပွဲတွင် ဉာဏ်ရည်တုနည်းပညာဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေး အလားအလာများကို အစိုးရများက စီမံခန့်ခွဲခြင်း၊ ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစည်းမျဉ်း၊ စည်းကမ်းများနှင့် ဉာဏ်ရည်တုနည်းပညာဆိုင်ရာ အက်ပလီကေးရှင်းများအား စက်မှုလုပ်ငန်းများနှင့် မြို့ပြလူနေမှုဘဝတွင် အသုံးချခြင်းတို့ကို ဆွေးနွေးလျက်ရှိသည်။ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ဉာဏ်ရည်တုနည်းပညာကဏ္ဍမှ ရရှိသည့် အမြတ်ငွေသည် ဆော်ဒီအာရေဗျနိုင်ငံ ပြည်တွင်းအသားတင်ထုတ်လုပ်မှု၏ ၁၂ရာခိုင်နှုန်းရှိလာမည်ဟု သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ဗီယက်နမ်နိုင်ငံ၌ တိုင်ဖွန်းမုန်တိုင်း ရာဂိကြောင့် လူပေါင်း ၁၂၇ ဦးထက်မနည်း သေဆုံး

**ဟန္နိုင်း စက်တင်ဘာ ၁၀**

ဗီယက်နမ်နိုင်ငံမြောက်ပိုင်းတွင် တိုင်ဖွန်းမုန်တိုင်း ရာဂိကြောင့် နောက်ဆက်တွဲဖြစ်ပေါ်ခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူပေါင်း ၁၂၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၅၄ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ လယ်ယာစိုက်ပျိုးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ထူထပ်သော ကောင်ဘန်ပြည်နယ်၌ တိုင်ဖွန်းမုန်တိုင်း ရာဂိကြောင့် ၁၉ ဦး သေဆုံးကာ ၃၆ ဦး ပျောက်ဆုံးလျက်ရှိပြီး ယင်းပြည်နယ်သည် သေဆုံးမှုနှင့် ပျောက်ဆုံးမှု အများဆုံးဖြစ်ကြောင်း သိရသည်။

သေဆုံးသူများတွင် လော်ကိုင်ပြည်နယ်မှ ၁၉ ဦး၊ ယင်ဘိုင်ခရိုင်မှ ၂၂ဦး၊ ကွမ်နင်းပြည်နယ်မှ ကိုးဦးတို့ ပါဝင်သည်။ အခြားသေဆုံးသူများမှာ မြို့တော် ဟန္နိုင်း၊ ဟိုင်ဖျင်မြို့၊ ဟွာဘင်း၊ ဟိုင်ဒွန်း၊ လန်ဆွန်၊ တူယင်ကွမ်၊ ဟာဂျီယန်နှင့် လေချောပြည်နယ် များမှ ဖြစ်သည်။

တိုင်ဖွန်းမုန်တိုင်း ရာဂိကြောင့် ကမ်းရိုးတန်းပြည်နယ်များဖြစ်သည့် ကွမ်နင်းနှင့် ဟိုင်ဖျင်တို့တွင် အိမ်ခြေ ၄၈၃၃၇ လုံး ပျက်စီးခဲ့ကြောင်း ဘေးအန္တရာယ်ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

နိုင်ငံမြောက်ပိုင်းဒေသတွင် စက်တင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ရေကြီးရေလျှံမှု ပိုမိုဖြစ်ပွားလာနိုင်ဖွယ်ရှိပြီး အမြင့်ဆုံးသတိပေးချက်အဆင့်သို့ ရောက်ရှိသွားနိုင်ကြောင်း အမျိုးသား မိုးလေဝသခန့်မှန်းရေးဗဟိုဌာနက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

# ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏ တိုက်ခိုက်မှုအတွင်း လူ ၄၀ သေဆုံး

**ဂါဇာ စက်တင်ဘာ ၁၀**

ဂါဇာကမ်းမြောင်ဒေသတောင်ပိုင်း ခန်ယူနစ်ဒေသ၌ စက်တင်ဘာ ၁၀ ရက်တွင် ဖြစ်ပွားခဲ့သည့် အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုအတွင်း အနည်းဆုံး ပါလက်စတိုင်း ၄၀ သေဆုံးပြီး အခြား ၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း ပါလက်စတိုင်းနှင့် အစ္စရေးသတင်းရင်းမြစ်များက ပြောကြားခဲ့သည်။

ခန်ယူနစ်ဒေသတွင်ရှိသော မူဝါဆီမြို့ဝင်ပေါက်တွင် ပါလက်စတိုင်းတို့အား အစ္စရေးလေယာဉ်များက ဒုံးကျည်များဖြင့် တိုက်ခိုက်ခြင်းကြောင့် ပျက်စီးမှုအများအပြားဖြစ်ပေါ်ခဲ့ပြီး အသေအပျောက်လည်း များပြားခြင်းဖြစ်ကြောင်း ပါလက်စတိုင်းဆေးပညာရှင်များက ဆင်ဟွာသတင်းဌာနသို့ ပြောကြားခဲ့သည်။

ယင်းတိုက်ခိုက်မှုသည် ခန်ယူနစ်ဒေသ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လျှို့ဝှက်ကွပ်ကဲမှုစင်တာမှ လှုပ်ရှားနေသော ဟားမတ်စ်ခေါင်းဆောင်များကို ပစ်မှတ်ထားခြင်းဖြစ်ကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ အက်ဗီချေးအက်ဒရာအီက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်က အစ္စရေးတောင်ပိုင်းကို ဟားမတ်စ်တို့က စတင်တိုက်ခိုက်ခဲ့ပြီး ယင်းတိုက်ခိုက်မှုကို လက်တုံ့ပြန်သည့်အနေဖြင့် ဂါဇာကမ်းမြောင်ဒေသရှိ ဟားမတ်စ်များအား အစ္စရေးက ကြီးမားသော ထိုးစစ်ဆင်မှုများ ပြုလုပ်ခဲ့ကာ အစ္စရေးနိုင်ငံသား ၁၂၀၀ ခန့် သေဆုံးကာ အခြား ၂၅၀ ခန့်ကို ဓားစာခံအဖြစ် ခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လအတွင်း စစ်ရာဇဝတ်မှုပေါင်း ၃၀၀ ကျော် ကျူးလွန်ခဲ့ပြီး ပြည်သူ ၂၀၁ ဦးကို သတ်ဖြတ်ခဲ့သည်ဟု အခြေအမြစ်မရှိသည့် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၁၀

လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ဩဂုတ်လအတွင်း ပြည်သူများအပေါ် စစ်ရာဇဝတ်မှုပေါင်း ၃၀၀ ကျော် ကျူးလွန်ခဲ့ပြီး ပြည်သူ ၂၀၁ ဦးကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများမှ မဟုတ်မမှန်ရေးသား ဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ်မျိုးကို မည်သည့်အခါကမျှလုပ်ဆောင်ခြင်း မရှိကြောင်း၊ နိုင်ငံတစ်ဝန်း အကြမ်းဖက် သမားများ၏ အကြမ်းဖက် လုပ်ရပ်များကြောင့် ပြည်သူအများ ထိခိုက်သေကျေပြီး စည်းစိမ်ဥစ္စာများ ဆုံးရှုံးပျက်စီးနေသည်ကို မျက်ကွယ်ပြု၍ တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် ရည်ရွယ်ချက်ရှိရှိဖြင့် ယခုကဲ့သို့ အခြေအမြစ်မရှိသည့် အချက်အလက်များကို လိုရာဆွဲ ရေးသားခြင်းသာဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရေတာရှည်မြို့နယ်ရှိ ကျေးရွာအချို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦး သေဆုံးခဲ့သည်ဟု မဟုတ်မမှန် လုပ်ကြံရေးသားလျက်ရှိ




နေပြည်တော် စက်တင်ဘာ ၁၀

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကဲလင်းဆိပ်ကျေးရွာ စာသင်ကျောင်းနှင့် ရှားတောကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၈ ရက်တွင် ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်းနှင့် အဆိုပါတိုက်ခိုက်မှုကြောင့် ပြည်သူသုံးဦး သေဆုံးကာ ၁၂ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု လုပ်ကြံရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လှုံ့ဆော်ဝါဒဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ ရေတာရှည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ကဲလင်းဆိပ်ကျေးရွာနှင့် ရှားတောကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒရုန်းဖြင့်ဗုံးကြဲတိုက်ခိုက်ခဲ့သည့်သတင်းမှာ သတင်းအမှားသာဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူများနေထိုင်ရာ မြို့ရွာများအတွင်းသို့ ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းမရှိကြောင်း၊ တရားမဝင်ပြည်ဖျက် မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် စက်တင်ဘာ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စက်တင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "H.T.Y Info Channel" Telegram Page ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အမှတ်(၆)ရပ်ကွက်နေ မင်းဇေယျာဇော်အား ညနေ ၄ နာရီခွဲတွင် လည်းကောင်း၊ "@zinmoe2739" TikTok အကောင့်ပိုင်ရှင်ဖြစ်သူ ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ရှားတောကျေးရွာနေ ဇင်မိုးအား ညနေ ၅ နာရီတွင် လည်းကောင်း၊ "Nay Stone" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ကရင်အမျိုးသားရပ်ကွက်နေ နေလတ်သိုက်(ခ)ပေါက်စအား ည ၇ နာရီ မိနစ် ၄၀ တွင် လည်းကောင်း၊ "Daw Sandar Khin" Faeebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၉၄)ရပ်ကွက်နေ ခင်စန္ဒာသိန်း(ခ)သွယ်သွယ်ထူး(ခ)ယူကီကိုအား ည ၇ နာရီ ၅၅ မိနစ်တွင် လည်းကောင်း၊ "Kg Lay (ကောင်လေး)" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၁၄၆)ရပ်ကွက်နေ ဇော်ထူးအောင်အား ည ၁၁ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "Res Pon Sibility" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ထန်းတပင်မြို့နယ် ရေတွင်းကုန်းကျေးရွာနေ သုမောင်ကျော်အား စက်တင်ဘာ ၁၀ ရက် နံနက် ၃ နာရီခွဲတွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက် ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၀

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ "အကြမ်းဖက်သမားတွေရဲ့ ဖျက်ဆီးရေးလမ်းစဉ်ကြောင့် လျှပ်စစ်မီးသုံးစွဲရေးနဲ့ နေ့စဉ်ရှင်သန်မှုတွေမှာ အခက်အခဲတွေနဲ့ ကြုံနေရသောပြည်သူများ" ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက် ပေးသွားမည်ဖြစ်ပါသည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် "NUG၊ CRPH ရဲ့ တော်လှန်ရေးအလှူငွေ အရိုးအရင်းကောက် ဗန်းပြထောက်ပံ့ငွေနဲ့ ဘဝစတေးခံနေရတဲ့ PDF လူငယ်များ" ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက် မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသားချင်း မုဒိမ်းပြုကျင့်မှုကို ထောင်အာဏာပိုင်များက အရေးမယူဟု လုပ်ကြံရေးသား

နေပြည်တော် စက်တင်ဘာ ၁၀

အင်းစိန်ထောင်တွင် အကျဉ်းဦးစီးဌာန၏ လက်ကိုင်တုတ် ရာဇဝတ်အကျဉ်းသားက နိုင်ငံရေးအကျဉ်းသားတစ်ဦးကို အမျိုးသားချင်း မုဒိမ်းပြုကျင့်မှုအား ထောင်အာဏာပိုင်များက အရေးမယူဟု Khit Thit အမည်ခံ Facebook Page က စက်တင်ဘာ ၄ ရက်တွင် ပြည်သူလူထု အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန်လုပ်ကြံ သတင်းရေးသား ဖြန့်ဝေခဲ့သည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ အင်းစိန်ဗဟိုအကျဉ်းထောင်တွင် နိုင်ငံရေးအကျဉ်းသား အကျဉ်းသူဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ခုခုကို ချိုးဖောက်၍ တရားရုံးက ပြစ်ဒဏ်ပေးထားသော အကျဉ်းသား အကျဉ်းသူများသာရှိပြီး ဩဂုတ် ၂၀ ရက် နံနက်ထောင်ဖွင့်ချိန်၌ အမျိုးသားဆေးရုံဆောင်၊ တီဘီကုသဆောင် အခန်း(၂)တွင် နံနက် ၄ နာရီခန့်က အခန်းလူကြီး ဇင်မျိုးကိုသည် အခန်းသားဖြစ်သူ အကျဉ်းသားသန့်စည်သူမောင်အား အလိုမတူဘဲ အတင်းအဓမ္မ လိင်တူဆက်ဆံရန် ကြံစည်ခဲ့ကြောင်း တာဝန်ကျဘာဝယာစောင့်မှ အဆောင်မှူးထံ သတင်းပို့ခဲ့သဖြင့် အဆောင်မှူးသည် ယင်းအကျဉ်းသားနှစ်ဦးအား ခေါ်ယူစစ်ဆေးရာ အခန်းလူကြီးဖြစ်သူ ဇင်မျိုးကိုသည် သန့်စည်သူမောင်အား အလိုမတူဘဲ လိင်တူဆက်ဆံရန် ကြံစည်ကြိုးစားခဲ့သည်ကို စစ်ဆေးတွေ့ရှိရကြောင်း၊ ထို့ကြောင့် ထောင်တာဝန်ခံအရာရှိမှ အကျဉ်းထောင်၏ လုပ်ထုံးလုပ်နည်းနှင့်အညီ အကျဉ်းသား ဇင်မျိုးကိုအား အခန်းလူကြီးအဖြစ်မှ ထုတ်ပယ်ခြင်း၊ ဒေါက်ခြေကျင်းဖြင့် ၁၄ ရက် ပြစ်ဒဏ်တိုက်၌ ထားရှိခြင်း၊ လျှော့ရက် နုတ်ပယ်ခြင်း ပြစ်ဒဏ်များ ချမှတ်ခဲ့သည့်အတွက် အကျဉ်းသားဇင်မျိုးကိုအား အပြစ်ပေးအရေးယူမှု မပြုလုပ်ဟုဆိုခြင်းမှာ မှန်ကန်မှုမရှိကြောင်း။

အင်းစိန်ဗဟိုအကျဉ်းထောင်ရှိ ထောင်တာဝန်ခံအရာရှိသည် အကျဉ်းထောင်ဥပဒေ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်နှင့် မည်သည့်အကျဉ်းသားကိုမှ မတရားရိုက်နှက်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ ငွေကြေးတောင်းခံခြင်းများမပြုလုပ်ရန် မှာကြားပြောဆိုကြပ်မတ်လျက်ရှိပြီး ဝန်ထမ်းများက ငွေကြေးကိစ္စ ပတ်သက်မှုရှိပါက ထောင်တာဝန်ခံအရာရှိသည် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကာ အဆောင်မှူးအနေဖြင့် အကျဉ်းသားများအပေါ်တွင် လူမဆန်စွာဆက်ဆံခြင်း၊ ရိုက်နှက်ခြင်း၊ ငွေညှစ်ခြင်းများမရှိကြောင်း၊ မည်သည့်ဝန်ထမ်းမဆို ဥပဒေမဲ့ ဆောင်ရွက်မှုကို ခွင့်ပြုထားခြင်းမရှိဘဲ စစ်ဆေးပေါ်ပေါက်ပါကလည်း အရေးယူလျက်ရှိသည့်အတွက် Khit Thit Media အမည်ခံ Facebook Page ၏ ဖော်ပြမှုသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာ ဖြစ်သည်။

**သစ္စာ**

# စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းနှစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်ပါသည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁၅ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်း နှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရှစ်ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် လေးရက်မှ ခုနစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခွဲခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။ **မိုး/ဇလ**

## ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ သက်သာသောဈေးနှုန်းဖြင့် အခြေခံစားသောက်ကုန်များ ရောင်းချပေး

သထုံ စက်တင်ဘာ ၁၀

မွန်ပြည်နယ် သထုံမြို့နယ် ဂေါ့ကျေးရွာရှိ ကွန်ပျူတာတက္ကသိုလ်(သထုံ)တွင် ပြည်နယ်အစိုးရအဖွဲ့၏ စီမံမှုဖြင့် မြို့နယ်အဆင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီမှ တာဝန်ရှိသူတို့က ယနေ့နံနက်ပိုင်းတွင် ဆန်၊ ဆီ၊ အသား ငါး၊ ဟင်းသီးဟင်းရွက်စသည့်အခြေခံ စားသောက်ကုန်များကို သတ်မှတ်ထားသည့် သက်သာသော ဈေးနှုန်းတို့ဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။



ထိုသို့ ရောင်းချပေးရာတွင် ပေါ်ဆန်းမွှေးဆန် တစ်ပြည် ငွေကျပ် ၅၅၀၀၊ ညှော့မထဆန် တစ်ပြည်ငွေကျပ်၃၂၀၀၊ စားအုန်းဆီ တစ်ပိဿာ ငွေကျပ် ၇၂၀၀ နှင့် ကြက်သား၊ ဝက်သား၊ အမဲသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ ဟင်းသီးဟင်းရွက်၊ ကုန်စိမ်း၊ ကုန်ခြောက် စသည့် အခြေခံစားသောက်ကုန် အမျိုးမျိုးတို့ကို သတ်မှတ်ထားသည့် သက်သာသောဈေးနှုန်းများဖြင့် စနစ်တကျရောင်းချပေးရာ ကွန်ပျူတာတက္ကသိုလ် (သထုံ) ပါမောက္ခချုပ် ဒေါက်တာနီလာသိန်းနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများက ဝယ်ယူခဲ့ကြပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်း၊ ခရိုင်နှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ညောင်တုန်းမြို့၌ ရှေးဦးပြုစုခြင်း အခြေခံသင်တန်းဖွင့်

ညောင်တုန်း စက်တင်ဘာ ၁၀

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြို့နယ်ကြက်ခြေနီအသင်းခွဲနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် ရှေးဦးပြုစုခြင်း(အခြေခံ)(၃/၂၀၂၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ရာပြည့်ဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂)ဦးဇော်လွင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီးဦးမောင်မောင်ဝင်းက ကျောင်းသား ကျောင်းသူများ ရှေးဦးပြုစုခြင်းအတတ်ပညာများအား စနစ်တကျလေ့လာသင်ယူမှတ်သားရေး၊ မြို့နယ်ကြက်ခြေနီအသင်း အမှုဆောင် ဦးတင်မောင်က လူမှုကူညီရေးများဆောင်ရွက်ရေးနှင့် မြို့နယ်ကြက်ခြေနီအကြောင်း သိကောင်းစရာများ၊ မြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယမြို့နယ်တပ်ဖွဲ့မှူးဦးမျိုးလွင်က မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် ရှေးဦးအတတ်ပညာ (အခြေခံ)အဆင့် သင်တန်းများဖွင့်လှစ်ပေးရခြင်း ရည်ရွယ်ချက်နှင့် မိမိရပ်ရွာများတွင် လူမှုအကျိုးပြု အသုံးချကူညီဆောင်ရွက်ရေး အကြောင်းအရာများနှင့်ပတ်သက်၍ ပြောကြားသည်။

အဆိုပါသင်တန်းကို စာတွေ့ လက်တွေ့သရုပ်ပြနည်းများဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ သုံးရက်ကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

**○ လူငယ်မျိုးဆက်သစ်မှ**

ရှာဖွေဖော်ထုတ်ခြင်းစသည့် Scouting လုပ်ငန်းများကို ဦးစီးဆောင်ရွက်သွားမည်ဖြစ်သည်။ ဦးကြည်လွင်သည် ၂၀၁၅ ဆီးဂိမ်းငွေတံဆိပ်ဆုရ မြန်မာ ယူ၂၃ အသင်း နည်းပြအဖြစ် အောင်မြင်ခဲ့ပြီး မြန်မာ့လက်ရွေးစင်အသင်း လက်ထောက်နည်းပြအဖြစ်လည်း ၂၀၀၆ မာဒေးကားဖလား ချန်ပီယံဆု ရရှိခဲ့သည်။ အာဆီယံလူငယ်ပြိုင်ပွဲများတွင်လည်း ဝါရင့်နည်းပြများနှင့် တွဲဖက်၍ မြန်မာလူငယ်အသင်းများအား အောင်မြင်မှုရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့သည်။ ပြည်ပနည်းပြများနှင့်အတူ မြန်မာ့လက်ရွေးစင်အသင်းတွင် လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့သလို ပြည်တွင်းကလပ်အသင်းများဖြစ်သည့် မကွေးအသင်းတွင် နည်းပြချုပ်အပြင် နည်းစနစ်အကြံပေး၊ ရခိုင်ယူနိုက်တက်နှင့် မဟာယူနိုက်တက်အသင်းတို့တွင် နည်းစနစ်အကြံပေးအဖြစ် ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်သည် ယမန်နေ့ကလည်း မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းကို ခန့်အပ်ထားသည်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၅၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

- **အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**
- **အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**




## ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## ထားဝယ်မြို့၌ စာစီစာကုံး၊ ပိုစတာ၊ သရုပ်ဖော်ပန်းချီပြိုင်ပွဲ ကျင်းပ

ထားဝယ် စက်တင်ဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ထားဝယ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ပိုစတာ၊ သရုပ်ဖော်ပန်းချီပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ပြိုင်ပွဲတွင် အခြေခံပညာကျောင်းပေါင်းစုံမှ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၇၅ ဦး စုစုပေါင်း ၁၁၁ ဦးနှင့် ပိုစတာ၊ သရုပ်ဖော်ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၇ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၉၇ ဦး စုစုပေါင်း ၁၂၄ ဦးတို့က မွန်ထရီရယ် နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတိုးမြှင့် ဆောင်ရွက်စို့ ဟူသော ခေါင်းစဉ်ဖြင့် ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးပြီး ယှဉ်ပြိုင်ဖြေဆိုခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်၊ ပန်းချီဆွဲစက္ကူ၊ ဆေးရောင်စုံခြယ်ဘူးများ၊ ဘောပင်များ၊ မုန့်များနှင့်လက်ကမ်းစာစောင်များ ဖြန့်ဝေပေးအပ်ခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)



နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုအားဖြင့် တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ စက်တင်ဘာ ၁၀ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ချစ်ကိုကို ဦးဆောင်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ တံမြက်စည်းလှဲခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ချုံနွယ်များရှင်းလင်းခြင်းစသည့် သန့်ရှင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)



## မြို့တော်ဝန် ဦးဗိုလ်ဌေး သာကေတမြို့နယ်အတွင်းရှိ ရေစုကန်ကြီးများ ထိန်းသိမ်းထားရှိမှုနှင့် ရေဖြန့်ဝေပေးနိုင်မှု ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန် ဦးညီညီ၊ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သာကေတမြို့နယ် ၆/ အနောက်ရပ်ကွက် ဓမ္မာသီရိ(၆)လမ်းနှင့် ရှုခင်းသာမြို့ပတ်လမ်းကြားရှိ မင်္ဂလာမြေ သားမိုးရေစုကန် ရေထိန်းသိမ်းထားရှိမှု၊ ဆိုလာလျှပ်စစ်စွမ်းအင်သုံးပြီး ရေဂါလန် ၁၀၀၀ ဆံ့ ရေတိုင်ကီနှစ်လုံးဖြင့် ရပ်ကွက်နေပြည်သူများအား ရေပေးဝေရန် ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် ၇/အရှေ့ရပ်ကွက် ဧရာဝဏ်လမ်းနှင့် အတွင်းရှုခင်းသာလမ်းထောင့်တွင် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) က ဆောင်ရွက်ထားရှိသည့် ဧရာဝဏ်လမ်း တက္ကစီယာဉ်ရပ်နားရန်နေရာ ဆောင်ရွက်ပြီးစီးမှုနှင့် ဧရာဝဏ်ရေပေးဝေရေးစခန်း အမှတ်(၂) ဝင်းအတွင်း ရေဂါလန်နှစ်သိန်းဆံ့ ရေစုကန်တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့်အဖွဲ့သည် သာကေတမြို့နယ် အနော်မာ (၁) ရပ်ကွက် ဧရာဝဏ်လမ်းနှင့် အနော်မာလမ်းထောင့်ရှိ အနော်မာမြေသား မိုးရေစုကန်တွင် ရေထိန်းသိမ်းထားရှိမှုနှင့် ဆိုလာလျှပ်စစ်စွမ်းအင်သုံးပြီး ရေဂါလန် ၁၀၀၀ ဆံ့ ရေတိုင်ကီနှစ်လုံးဖြင့် ရပ်ကွက်နေပြည်သူများအား ရေပေးဝေရန် ဆောင်ရွက်ထားရှိမှုနှင့် မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ်အတွင်း ကန်တော်ကြီးရေပြင် ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ထိုင်းဘုရင့်ဖလားပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရပိုက်ကျော်ခြင်းအားကစားအဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၁၀

ထိုင်းနိုင်ငံတွင် စက်တင်ဘာ ၁ ရက်မှ ၈ ရက်အထိ ကျင်းပခဲ့သည့် (၃၇)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား (37th Thai King'sCup) ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်တစ်ခုနှင့် ကြေးတံဆိပ်သုံးခု ဆွတ်ခူးရရှိခဲ့သည့် အောင်ပွဲရပိုက်ကျော်ခြင်းအားကစားအဖွဲ့သည် ယမန်နေ့ည ၁၀ နာရီတွင် ရန်ကုန်မြို့သို့ ထိုင်း လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိကြသည်။



အောင်ပွဲရ မြန်မာအားကစားအဖွဲ့အား အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇင်မိုး၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်း အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရဲထွဋ်တင်၊ ဒုတိယဥက္ကဋ္ဌများနှင့်မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ၊ မိဘဆွေမျိုးများက ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

မြန်မာပိုက်ကျော်ခြင်း အားကစားအဖွဲ့သည် ယင်းပြိုင်ပွဲတွင် နည်းပြအုပ်ချုပ်သူခြောက်ဦး၊ ကစားသမားအမျိုးသား ၁၂ ဦး၊ ကစားသမားအမျိုးသမီး ၁၁ ဦးတို့ပါဝင်ကာ အမျိုးသား ပြိုင်ပွဲများဖြစ်သည့် Team၊ Quadrant၊ Mixed regu၊ Mixed quadrant နှင့် အမျိုးသမီးပြိုင်ပွဲများဖြစ်သည့် Team၊ Quadrant၊ Hoop စသည့် ပြိုင်ပွဲခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အမျိုးသား Mixed regu ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ အမျိုးသမီး Hoop (ကွင်းသွင်းခြင်းခတ်)ပြိုင်ပွဲတွင် ငွေတံဆိပ်တစ်ခု၊ အမျိုးသား+အမျိုးသမီး လေးယောက်တွဲပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အမျိုးသမီးအသင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု၊ အမျိုးသားအသင်းပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခု စုစုပေါင်းရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးသုံးခု ဆွတ်ခူးရရှိခဲ့ကြသည်။

အဆိုပါ ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ တရုတ်၊ မြန်မာ၊ တောင်ကိုရီးယား၊ ဂျပန်၊ ဘရူနိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ အိန္ဒိယ၊ အမေရိကန်၊ သီရိလင်္ကာ၊ အီရန်၊ အိုမန်၊ ဩစတြေးလျ၊ နီပေါ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ နယူးဇီလန်၊ အာဂျင်တီးနား၊ ဆွစ်ဇာလန်၊ အရှေ့တီမော၊ ပိုလန်၊ အီရတ်၊ အီတလီ၊ တရုတ်တိုင်ပေ အစရှိသည့် နိုင်ငံ ၂၈ နိုင်ငံမှ လက်ရွေးစင် ကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲ သမိုင်းတစ်လျှောက်တွင် အအောင်မြင်ဆုံး အသင်းများမှာ ထိုင်းအသင်းနှင့် မလေးရှားအသင်းတို့ဖြစ်ကြပြီး မြန်မာ၊ တောင်ကိုရီးယားနှင့် ဗီယက်နမ်အသင်းတို့သည် ယခုနောက်ပိုင်းတွင် အင်အားတောင့်တင်းလာသည့် အသင်းကောင်းများ ဖြစ်ကြကြောင်းနှင့် မြန်မာပိုက်ကျော်ခြင်းအားကစားအဖွဲ့အနေဖြင့် ၂၀၂၃ ခုနှစ်က ပြုလုပ်သည့် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ငွေတံဆိပ်သုံးခုနှင့် ကြေးတံဆိပ်သုံးခုရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပညာရှိသူဖြစ်ချင်သလား

**မောင်ထူးချွန်**

မောင်တို့ မယ်တို့ ပညာရှိသူဖြစ်ချင်ကြသလား ဆိုရင် ဖြစ်ချင်ကြပေမပေါ့။ ပညာရှိဖြစ်နိုင်ရန် လိုက်နာကျင့်ဆောင်ရမယ့် တာဝန်ဝတ္တရားတွေရှိတယ်။ ဒီတာဝန်တွေကိုလိုက်နာကျင့်ဆောင်နိုင်မယ်ဆိုရင် မောင်တို့ မယ်တို့တွေ ပညာရှိသူဖြစ်လာကြမှာပါပဲ။




ပညာဆိုတာ ဘာလဲဆိုတာကို အရင်ဆုံးသိဖို့တော့ လိုအပ်တယ်။

“ပညာဟူသော်ကား အကျိုးအကြောင်း၊ အဆိုးအကောင်း၊ အကျိုးအပြစ်၊ တရားခြင်းမတရားခြင်း၊ မှန်ခြင်းမှားခြင်း၊ အကျိုးရှိခြင်း အကျိုးမဲ့ခြင်း စသည်တို့ကိုခွဲခြားနိုင်စွမ်းရှိခြင်း။” ဆိုတာပဲ။

ဟိုးလွန်ခဲ့တဲ့နှစ်ပေါင်း ၅၀၀ ကျော်၊ ၆၀၀ ကာလဆီတုန်းကတည်းက အင်းဝခေတ်စာဆိုအကျော် ဆရာတော် အရှင်မဟာသီလဝံသ (၁၄၅၃-၁၅၂၀)က အဓိပ္ပာယ်သတ်မှတ်ခဲ့တယ်လို့ မှတ်သားဖူးပါတယ်။ ဆရာတော် အရှင်မဟာသီလဝံသရဲ့စာပေလက်ရာမွန်တွေ စကားပြေကျမ်းဂန် ကဗျာလင်္ကာတွေကို ယနေ့တိုင် ဆည်းပူးလေ့လာ သင်ယူနေကြရဆဲပါ။ ပညာလည်းမြင့်သလို အကျင့်သီလလည်းမြင့်မြတ်တယ်။ စာပေရေးရာမှာလည်း အလွန်တရာထက်မြက်ထူးခြားလို့ ပညာရှင်အားလုံးက လေးစားတန်ဖိုးထားကြတယ်ဆိုတဲ့ မှတ်တမ်းဝင်ပညာရှင်တစ်ဦးလည်းဖြစ်တယ်။

ပညာရှိရင် သတိသမ္ပဇဉ် ဆင်ခြင်တုံတရားပြည့်ဝတယ်။ အကောင်းအဆိုး အကျိုးအပြစ်ကိုမြင်တယ်။ အခြေအနေအခြင်းအရာ၊ ဖြစ်ရပ်ကိုကြည့်ရှုလေ့လာပြီး အကြောင်းတရား (အဘယ်အကြောင်းကြောင့်)ကို သိမြင်နိုင်ပါတယ်။ မေးခွန်းရှိရင် ဖြေဆိုချက်ရှိတာပဲ။ ပြဿနာရှိရင် ဖြေရှင်းနည်းနာရှိစမြဲပဲ။ မေးခွန်းတိုင်းမှာ အဖြေကရှိကြပါတယ်။ ကိုယ်မသိနိုင်တာပဲ ဖြစ်ကောင်းဖြစ်မယ်။ ပြည့်ပြည့်စုံစုံ တိတိကျကျ အကြောင်းရင်း အမှန်တရားကို ပညာရှိတဲ့ပုဂ္ဂိုလ်က သိမြင်ပါတယ်။ မြတ်စွာဘုရားသခင်ဟာ လောကသုံးပါးကိုသိမြင်နိုင်သူဖြစ်လို့ လောကဝိဒူပေါ့ကွယ်။

ပညာရရှိနိုင်ဖို့ နည်းလမ်းများစွာရှိပါတယ်။ သင်ယူမှုလို့ဆိုတဲ့ အတန်းပညာသင်ယူမှုကနေရနိုင်တယ်။ သင်ခန်းစာတစ်ခုခုရရှိလိုက်လို့ အဲဒီသင်ခန်းစာကနေ ပညာရလိုက်တာ ရှိနိုင်တယ်။ လက်တွေ့ဘဝဖြတ်သန်းမှုမှာ အများကြီးရရှိနိုင်ကြတယ်။

ပညာသင်ကြားမှုကတော့ လူ့သမိုင်းကို အရှိန်အဟုန်နဲ့ပြောင်းလဲမြင့်မားစေတယ်။ ဆက်လက်ပြီးလည်း ပိုမိုမြန်ဆန်တဲ့ ပညာရဲ့သုတေသနနဲ့ ပညာသဘောအကျိုးအကြောင်း ဆက်နွယ်မှုတွေ များစွာတိုးတက်သိမြင်နားလည် တတ်ကျွမ်းလာကြမှာတော့ သေချာပါတယ်။ ပညာသင်ခြင်းဆိုတာ ဘာသဘောလဲလို့တွေးမိရင် အဖြေက ရှင်းပါတယ်။ အတွေ့အကြုံကိုမျှဝေဖြင်း၊ သိစေခြင်း၊ အတွေ့အကြုံကိုသိစေခြင်း၊ မြင်စေခြင်းတို့လို့ ဆိုရမှာပေါ့ကွယ်။ ဆက်လက်လေ့ကျင့်စမ်းသပ်ကြည့်လို့ လက်တွေ့တတ်မြောက်စေခြင်း၊ ကျွမ်းကျင်စေခြင်း၊ ပညာမြင့်မားအောင် အဆက်မပြတ် အသက်ရှင်နေသမျှ အသက်အရွယ်အပိုင်းအခြားမရှိ လေ့လာဆည်းပူးနေကြရမယ်။

လောကမှာ မသိသေးတာ၊ မတတ်သေးတာတွေအများရှိနေတဲ့အထဲက မိမိနဲ့ဆက်နွယ်တဲ့ စက်ဝန်းထဲကသိစရာ၊ တတ်စရာ၊ မြင်ရမယ့်အရာ၊ သဘောပေါက်ရမယ့်အရာတွေကို ဆည်းပူးလေ့လာနေရမှာပေါ့။

အတွေ့အကြုံနဲ့ အတွေးအကြံကိုလည်း အမြဲတစေ ထွန်းညှိနေရမယ်ဆိုတာ လူသားတွေရဲ့တာဝန်ပဲ။ ဘဝတစ်သက်တာလုံး လေ့လာနေရမယ်။ ဆည်းပူးနေရမယ်။ သမိုင်းပညာအဆက်ဆက်ကိုလည်း လေ့လာမှတ်သားနေရမယ်။ ဘာဖြစ်လို့လဲဆိုရင် မအအောင်လို့ပေါ့ကွယ်။ အဲဒါကြောင့် ပညာသင်ဖို့၊ ပညာဆည်းပူးဖို့၊ ပညာဖြည့်ဆည်းဖို့တွေဆိုတာ လူတိုင်းလူတိုင်းမှာ အခြေခံကျကျ အရေးကြီးဆုံးပါပဲ။ အနည်းဆုံး မိမိကိုယ်ကို အသက်ရှင်သန်အောင် ထိန်းသိမ်းတတ်ရမယ်။ ကျန်းမာအောင် မွေးမြူတတ်ရမယ်။

“ပညာဆိုတာက ဆောင်ရန်ရှောင်ရန်ကို သိမြင်ခြင်း၊ လိုက်နာကျင့်သုံးခြင်း” ပါပဲ။

သိတော့သိတာပဲ။ မလိုက်နာမကျင့်သုံးဘူးဆိုရင် အမှားနဲ့ရင်ဆိုင်ရမှာပဲ။ မတည့်တာစားမိရင် အသက်ပါ ဆုံးရှုံးနိုင်တယ်လေ။ မသွားသင့်တဲ့ခရီးသွားမိရင် ဒုက္ခတွေ့ရတတ်တယ်။ မပေါင်းသင့်တဲ့လူနဲ့ပေါင်းမိရင် မိမိဘဝပါ ဆုံးပါးနိုင်တယ်။ ဒါကြောင့် ပညာကင်းမဲ့ရင် ဘဝဆုံးမယ်၊ အသက်တိုမယ်။ အသက်တိုတော့ တန်ဖိုးရှိတဲ့လူ့ဘဝကို စောစောစီးစီး ကုန်ဆုံးစေလိုက်တဲ့သဘောဖြစ်သွားတယ်။

လူဟာ မိမိဘဝကို လှပအောင် ဖန်တီးနိုင်ကြတယ်။ မိမိရဲ့ မိသားစုအသိုင်းအဝိုင်းကို သာယာအောင် ဖန်တီးနိုင်စွမ်းရှိတယ်။ မိမိပတ်ဝန်းကျင်ကို ကောင်းအောင်၊ မိမိနိုင်ငံကို တန်ဖိုးရှိအောင်၊ သာယာဝပြောအောင် စောင့်ရှောက်ကာကွယ်နိုင်တဲ့ စွမ်းရည်တွေ ကိုယ်စီကိုယ်စီရှိကြပါတယ်။ ပညာကိုရအောင်ရှာဖွေကြပါ။ ပညာက ဘယ်မှာရှိသလဲဆိုရင် မိမိတို့ဝန်းကျင်မှာပဲရှိတာကို သိမြင်နိုင်ကြအောင် မျှဝေလိုက်ပါတယ်။

၁။ လက်ဦးဆရာ မိခင်ဖခင်(မိဘ)
၂။ ကျောင်းစာသင်ပြဆရာ၊ ဆရာမ(အာစရိယာ)
၃။ မိသားစု၊ မွေးချင်း၊ ဆွေမျိုးသားချင်း
၄။ အပေါင်းအသင်း၊ မိတ်ဆွေ
၅။ လုပ်ဖော်ကိုင်ဖက်များ
၆။ စာကြည့်တိုက်များ
၇။ သင်တန်းများ၊ စာတမ်းဖတ်ပွဲများ
၈။ အခြားလူ့ပ်ရှားပါဝင်မှုများ စသည်တို့ပဲ ဖြစ်တယ်။

ပညာကိုရှာဖွေတွေ့ရှိပြီဆိုရင် လူဟာ သိသာလာပါတယ်။ အပြုအမူတွေကစပြီး ပြောင်းလဲလာပါတယ်။ ညင်သာတဲ့အပြောအဆို၊ နွေးထွေးတဲ့အနေအထား၊ ရိုင်းပင်းတဲ့ စိတ်နေစိတ်ထားတွေကအစ အသိအမြင်တွေ အကောင်းဆုံး တိုးတက်လာပါတော့တယ်။

ပညာရှိသူဖြစ်လာမှ ပညာတတ်လာမှ အကြောင်းအရာတွေပိုသိလာတယ်။ အကြောင်းကိုသိတော့မြောင်းသွယ်သလို၊ မြားကိုဖြောင့်စေသလို၊ ကောက်နေတဲ့သစ်တုံးကို ဖြောင့်အောင် လက်သမားကရွှေ့သလို၊ မိမိစိတ်ကို ကောင်းစွာတည့်မတ် မှန်ကန်အောင် ပြုပြင်နိုင်ပေတယ်။ အကြောင်းကို နားလည်တဲ့ ပညာရှိပြီဆိုရင် အကျိုးကိုကောင်းအောင် ပြုပြင်စီရင်ဖန်တီးနိုင်ပြီပေါ့။ ပညာရဲ့အစွမ်းတွေ တိုးတက်ဖွံ့ဖြိုးလာတဲ့အခါ ပညာရှိသူဖြစ်လာပြီလေ။ ဒါကြောင့် မိမိဘဝကို တန်ဖိုးရှိလာအောင် စွမ်းဆောင်နိုင်လာမယ်။ မိမိရဲ့မိသားစုကို လှပအောင် တည်ဆောက်နိုင်လာပြီပေါ့။

အဲဒီကနေ လောကကြီးတစ်ခုလုံးကို အလှဆင်နိုင်တဲ့သူ ဖြစ်လာပြီ။

မောင်တို့ မယ်တို့အနေနဲ့ ပညာဆိုတာကို သိရှိပြီးပြီ။ ပညာရဲ့အစွမ်းကိုလည်း နားလည်ပြီ။ ပညာကို ဘယ်မှာရှာရမယ်ဆိုတာလည်း သိပြီ။ ပညာရှိသူရဲ့ စွမ်းရည်သတ္တိဂုဏ်တွေကိုလည်း မြင်သိလာရတဲ့အခါ ပညာရှိသူဖြစ်ရတာ ကောင်းလေစွ။ ပညာရှိသူဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ကောင်းမွန်မြင့်မြတ်တဲ့ အတွေးအမြင်အသိတွေ ရရှိပြီး လေ့လာလေ့ကျင့်လိုက်နာနိုင်တဲ့သူတွေဖြစ်လာကာ ပညာရှိသူတွေ ဖြစ်လာမှာ အသေအချာပဲပေါ့ကွယ်။ ။

# ကြီးပွားချမ်းသာနည်းဗျူဟာ

**ထက်ခိုင်**

## မိတ်ဆွေကောင်းကို အမှီပြုပါ

**“ဆရာသမားကောင်း၊ မိတ်ကောင်း၊ ဆွေကောင်းများနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုခြင်းသည် မိမိကြံစည်အောင်မြင်လိုသော လုပ်ငန်းစဉ်၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သော ခရီးအဆုံးသို့ရောက်ရှိ ပြီးစီးခြင်းနှင့် အလားသဏ္ဍာန်တူပေသည်။”**

**ဂေါတမမြတ်စွာဘုရား(ဘီစီ ၆၂၃-၅၄၃)**

ကမ္ဘာကျော်အောင်မြင်ရေးနည်းနာများ၊ အဆိုအမိန့်များစွာရှိသည့်တိုင် ဂေါတမမြတ်စွာဘုရားရှင်၏ ဆိုဆုံးမစကားတို့သည်လည်း အောင်မြင်ကြောင်းတရားများပင်ဖြစ်သည်။ သိသူဖော်စားမသိသူကျော်သွားဟူသကဲ့သို့ တရားတော်များနာကြားသိမြင်ခွင့်ရရှိခြင်းမှ ဆင်ခြင်သတိကပ်မိသည့် တန်းဖိုးမဖြတ်နိုင်သော မှတ်သားစရာတို့ကို လိုက်နာကျင့်ကြံနိုင်ခြင်းအားဖြင့် ဘဝတွင် အောင်မြင်မှုကို ရရှိပိုင်ဆိုင်နိုင်ပေသည်။



“ညီတော်အာနန္ဒာ ... ဆရာသမားကောင်း၊ မိတ်ကောင်း၊ ဆွေကောင်းများနှင့် ပေါင်းဖော်ယှဉ်တွဲ အမှီသဟဲပြုခြင်းသည် မိမိကြံစည်အောင်မြင်လိုသောလုပ်ငန်းစဉ်၏ ၁၀၀ ရာခိုင်နှုန်းဖြစ်သော ခရီးအဆုံးသို့ရောက်ရှိ ပြီးစီးခြင်းနှင့် အလားသဏ္ဍာန်တူပေသည်။ ကောင်းသောဆရာ၊ ကောင်းသော အပေါင်းအဖော်ဟူသည် အောင်မြင်မှုအတွက် ရာခိုင်နှုန်းပြည့် ၁၀၀ ရာခိုင်နှုန်း အထောက်အပံ့ဖြစ်စေသော စွမ်းအားရှိကြပေသည်ဟု မှတ်ယူပါလော့”

ဂေါတမမြတ်စွာဘုရားကိုယ်တော်က ညီတော်အာနန္ဒာအား မိန့်ကြားလမ်းညွှန်ခဲ့သော ဓမ္မစကားဖြစ်ကြောင်း မှတ်သားဖူးပါသည်။

လူသားတို့အတွက် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကိုရရှိစေလိုလျှင် ဆရာသမားကောင်း၊ မိတ်ဆွေကောင်း၊ အပေါင်းအဖော်ကောင်းရှိရန်လိုကြောင်းကို မြတ်စွာဘုရားရှင်က အသိပေးလမ်းညွှန် မိန့်ကြားထားခြင်းပင်ဖြစ်သည်။

**“အောင်မြင်ကြောင်းတရား”**

မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊
ဖြူအောင်စိတ်ကိုထား။
ပြောပြုတွေးလျှင်၊ သတိယှဉ်၊
ဆင်ခြင်ဉာဏ်ရှေ့သွား။
စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာထား။
လုံ့လနှင့် ခွဲ၊ မလျှော့ဘဲ၊
အမြဲတင်းတင်းထား။
အရာရာတွင်၊ အသုံးဝင်၊
အောင်မြင်ကြောင်းတရား။

မြတ်စွာဘုရားရှင်က ခုနစ်နှစ်အရွယ်သားတော် ရှင်သာမဏေ ရာဟုလာကို ပထမဆုံးဟောကြားဆုံးမသည့် တရားတော်ကို မှတ်သားရလွယ်ကူစေရန်အလို့ငှာ ချမ်းမြေ့ဆရာတော်ဘုရားကြီးက ကဗျာလင်္ကာသီကုံးရွတ်ဆိုဟောကြားတော်မူသည့် “အောင်မြင်ကြောင်းတရား” ကဗျာလင်္ကာပင်ဖြစ်သည်။

အဓိပ္ပာယ်ကားရှင်းပါသည်။

၁။ မကောင်းမှုဟူသမျှကို တစ်ခုတလေမှ မပြုရ။
၂။ ကောင်းမှုအမျိုးမျိုးကိုမူ များနိုင်သမျှ များပြားစွာပြုဆောင်ပါလေ။
၃။ စကားတစ်ခွန်းမပြောမီမှာ သင့် မသင့်၊ လျော် မလျော်၊ အကျိုးရှိ မရှိ၊ သတိဖြင့် ဆင်ခြင်ပါ။ အလုပ်တစ်ခုမပြုသေးမီ မိမိ၊ သူတစ်ပါး၊ လူအများအတွက် သင့် မသင့်၊ လျော် မလျော်၊ ကောင်းကျိုးရနိုင်မှာ ဟုတ် မဟုတ် သတိဖြင့်ချင့်ချိန်ပါ။ အလားတူပင် အတွေးတစ်ခုစဉ်းစားမိလာလျှင် ထိုအတွေးသည် မိမိကိုလည်းကောင်း၊ သူတစ်ပါးကိုလည်းကောင်း၊ လူအများကိုလည်းကောင်း၊ ကောင်းကျိုးချမ်းသာမင်္ဂလာဖြစ်စေနိုင်ပါသလော၊ ဖြစ်နိုင်သော် ဆက်စဉ်းစားပါ။ ကောင်းကျိုးမဖြစ်နိုင်ဟုသိရလျှင် ထိုအတွေးကို ဆက်မတွေးဘဲ ရပ်တန့်၊ ဖြတ်တောက်၊ ပယ်ရှင်းပါ။
၄။ သူတစ်ပါးနှင့် ဆက်ဆံရာတွင် စိတ်ထားဖြောင့်မှန်ပါ။ မကောက်ကျစ်ရ၊ မညစ်ပတ်ရ၊ ချောက်မတွန်းရ၊ မသမာမှုမပြုရ၊ လိမ်ညာခြင်းမရှိရ။
၅။ သူတစ်ပါးအပေါ်မှာ သည်းခံခွင့်လွှတ်တတ်ပါစေ။ မေတ္တာထားနိုင်ပါစေ။
၆။ လုံ့လဝီရိယရှိစွာ အလုပ်လုပ်ပါ။ အားထုတ်ပါ။
၇။ အလုပ်ကို ဇွဲရှိရှိဖြင့် အခက်အခဲအကျပ်အတည်း အတားအဆီး ဘယ်လိုပဲရှိနေနေ အောင်မြင်သည်အထိ ရည်မှန်းချက်ပေါက်ရောက်အောင် လုပ်ဆောင်ပါ။

ဘဝတစ်သက်တာလုံးအတွက် အသုံးဝင်မည့် အဓိကကျသည့် အချက် ခုနစ်ချက်ကို ခုနစ်နှစ်သား ရှင်သာမဏေရာဟုလာအား ဖခမည်းတော်ဖြစ်သူ မြတ်စွာဘုရားရှင်က ဆုံးမဟောကြားတော်မူခဲ့သည့် မိန့်မှာမှုသည် လူသားအားလုံးအတွက်လည်း တန်ဖိုးရှိလှသည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် အဆိုပါအချက်များကို လိုက်နာကျင့်ဆောင်နိုင်ခြင်းအားဖြင့် ဘဝတွင် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်ပေသည်။



# ကျိုင်းတုံမြို့၌ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျရေစီးဆင်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ရေဘေးကင်းလွတ်ရာသို့ ကူညီရွှေ့ပြောင်း

**နေပြည်တော် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အတွင်း စက်တင်ဘာ ၈ ရက်မှစ၍ ယနေ့အထိ မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျရေများ နမ့်လပ်ချောင်းအတွင်းသို့ ဝင်ရောက်ကာ ချောင်းရေမြင့်တက်လာမှုကြောင့် မြို့ပေါ်ရပ်ကွက်များအတွင်းသို့ ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ချောင်းရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် နေရာများမှ ရေဘေးသင့်ပြည်သူများအား ယနေ့တွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများ စုပေါင်း၍ ရေဘေးကင်းလွတ်ရာနေရာများသို့ ကူညီရွှေ့ပြောင်းပေးခြင်းနှင့် လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မိုင်းဖြတ်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွား

**မိုင်းဖြတ် စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် စက်တင်ဘာ ၁၀ ရက်က မိုးအဆက်မပြတ် ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားကာ ကျေးရွာအချို့တွင် ရေဝင်ရောက်၍ လယ်ယာမြေများ နစ်မြုပ်ခြင်း၊ ပြည်ထောင်စုလမ်းမပေါ်တွင် ရေလျှံမှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

ထိုသို့ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြို့နယ်အတွင်းရှိ နမ့်လုံချောင်း၊ နားလီချောင်း၊ မယ်ဟုတ်ချောင်းတို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပြီး ချောင်းများအနီးရှိ ဝမ်နောင်၊ နားလီ၊ နမ့်ကုန်း၊ နန်းခမ်းတောင်ကျေးရွာများနှင့် ကျေးရွာအချို့တို့တွင် လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်ခြင်း၊ လယ်ယာမြေများ ရေဖုံးလွှမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့သည်။

**ယာဉ်များသွားလာမှုမရ**

အလားတူ ရေကြီးရေလျှံမှုများကြောင့် ကျိုင်းတုံ-မိုင်းဖြတ်-တာချီလိတ်သွား ကားလမ်းဘေးရှိ နမ့်လုံချောင်း ရေလျှံမှုကြောင့် မိုင်တိုင်အမှတ်(၇၁၉) အနီး ကားလမ်းပေါ် ရေလျှံမှုဖြစ်ပွားပြီး



ယာဉ်များ သွားလာမှု မရရှိသည့်အပြင် အဆိုပါလမ်းတစ်လျှောက် ကားလမ်း အနိမ့်ပိုင်းများတွင်လည်း ရေကျော်မှုများဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# စစ်တောင်းမြစ်၊ သောင်ရင်းမြစ်၊ သံလွင်မြစ်နှင့် ဘီးလင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၀**

**စစ်တောင်းမြစ်**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း လေးလက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သောင်ရင်းမြစ်**

ယနေ့နံနက် ၇ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ)အထက်သို့ နှစ်ပေကျော် (၆၃ စင်တီမီတာ)ကျော်လွန် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း နှစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)အောက် တစ်ပေကျော် (၃၅ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**ဘီးလင်းမြစ်**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၃ ဒသမ ၅၃ ပေ (၁၀၂၂ စင်တီမီတာ)အောက် နှစ်ပေခန့် (၅၈ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့၊ မြဝတီမြို့နယ်၊ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

☆ **တာချီလိတ်မှ**

စက်တင်ဘာ ၉ ရက် မွန်းလွဲ ၁ နာရီခန့်တွင် စိုးရိမ်ရေမှတ် ၃၉၀ စင်တီမီတာသို့ရောက်ရှိခဲ့ပြီး မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခြင်း၊ မိုးဆက်လက်ရွာသွန်းနေပြီး ချောင်းရေများ ဆက်လက်မြင့်တက်လာလျက်ရှိသဖြင့် သက်ဆိုင်ရာဌာနများက ရေဘေးအန္တရာယ် အသိပညာပေးလှည့်လည်နှိုးဆော်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် ရေဘေးသင့်ပြည်သူများအတွက် အောင်မြတ်ခန်းမ၊ ခရိုင်အားကစားရုံနှင့် ပုန်းထွန်သီရိရတနာဂူ ဘုန်းတော်ကြီးကျောင်းတို့တွင် ကူညီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရှိပြီး ရေဘေးသင့်ပြည်သူများအား နယ်မြေခံတပ်နယ်မှ ယာယီဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီး သန့်လှိုင်ဝင်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းကိုနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ဦးကျော်တို့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အလှူရှင်များက ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ထမင်းထုပ်များ၊ ရေသန့်ဘူးများ လိုက်လံဝေငှပေးခြင်း၊ စည်ပင်သာယာရေးဝန်ထမ်းများက ရေစီးရေလာကောင်းမွန်စေရေးအတွက် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၁)တွင် တင်ခံနေသော အမှိုက်သရိုက်များအား စက်ယန္တရား၊ လူအင်အားများဖြင့် ရှင်းလင်းဖယ်ရှားခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး မိုးအဆက်မပြတ် ဆက်လက်ရွာသွန်းနေမှုကြောင့် ယခုထက်ပိုမိုရေကြီးရေလျှံမှုဖြစ်ပွားလာနိုင်ကြောင်း သိရသည်။

သန်းဇော်(ပြန်/ဆက်)

# ဇော်ဂျီမြစ်ရေတက်နိုင်သည့်အတွက် ကျောက်ဆည်မြို့ပေါ် အနိမ့်ပိုင်းရပ်ကွက် ငါးခု ရေဝင်ရောက်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၀**

ရာဂိမုန်တိုင်းအရှိန်ကြောင့် ဇော်ဂျီမြစ်အထက်ပိုင်း ဧရိယာများတွင် မိုးရွာသွန်းမှုများပြားလျက်ရှိပြီး ယနေ့ခန့်မှန်းမှုအရ ညနေ ၄ နာရီခန့်တွင် ဇော်ဂျီမြစ်ရေတက်နိုင်သည့်အတွက် ကျောက်ဆည်မြို့ပေါ် ရပ်ကွက် ၁၁ ခုအနက် အနိမ့်ပိုင်း ရပ်ကွက် ငါးခုတွင် ရေဝင်ရောက်နိုင်ကြောင်း မြို့တွင်းပြည်သူများအား အသိပေးခြင်း၊ လှည့်လည်ကြေညာခြင်းများကို မွန်းလွဲ ၁ နာရီမှစ၍ ဆက်တိုက်ဆောင်ရွက်လျက်ရှိသည်။ သက်ဆိုင်ဌာနများမှ ရေဝင်ရောက်မှုကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်စောင့်ကြည့်လျက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းတို့ကို ခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီအဖွဲ့က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ရေကြီးခြင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ။



၂။ တောင်ပေါ်ဒေသများချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများဖြစ်နိုင်ကြောင်း သတိပြုကြပါ။



၃။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီး စာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ။

၄။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ် အမည်၊ ရပ်ကွက်၊ ကျေးရွာ၊မြို့ ဆက်သွယ်ရမည့်သူစသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။




၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။



ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

(၉-၉-၂၀၂၄ ရက်နေ့မှအဆက်)

"ဘာလိုလို့လဲ ကိုထွန်းဝေရဲ့"

"ခင်လေးက ကျွန်တော့်ကို ချစ်တယ်လို့မှ မပြောသေးဘဲ"

"ပြောစရာလိုသေးလို့လား ရှင်ရယ်"

မျက်လုံးချင်း ခဏလေးဆုံသည်။ သည်ခဏလေးတွင် ခင်လေး၏ မျက်ဝန်း၌ စကားလုံးပေါင်း ကုဋေကုဋာ တွေ့ရ၏။

ကျွန်တော် ရယ်လိုက်သည်။ အပျော်ကလေးများဝင်လာ၏။

"လိုတာပေါ့ ခင်လေးရယ်၊ ခင်လေး မပြောရင် ကျွန်တော် ဘယ်လိုလုပ်သိမလဲ။ ခင်လေး ကျွန်တော့်ကို ချစ်မှန်းမသိ၊ မချစ်မှန်းမသိ"

လွတ်လပ်ပွင့်လင်းသော အရယ်လေးဖြင့် သူပြောသည်။

"မချစ်ပါဘူးဆို . . . ပြောပြီးပြီပဲ"

ကျွန်တော် ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

"ဟော့ ..."

သူလှမ်းတားလိုက်သော်လည်း မမီတော့။ လျင်မြန်သော ကျွန်တော့် လှုပ်ရှားမှုအဆုံး ခင်လေးသည် ကျွန်တော့်ရင်ခွင်ထဲရောက်နေ၏။ သူ ကပျာကယာရုန်းထ၏။

"လွှတ်ပါ ကိုထွန်းဝေရယ် . . . လွှတ်စမ်းပါ၊ လူတွေမြင်ကုန်လိမ့်မယ်"

"မလွှတ်ဘူး ခင်လေး၊ ခင်လေး ကျွန်တော့်ကို အဖြေပေး၊ ပေးရင် လွှတ်မယ်"

"ဟင့်အင်းကွယ်၊ သူသိပြီးသားပဲဥစ္စာ။ ခင်လေးရှက်တယ်"

နွေးထွေးသောအတွေးနှင့်အတူ ကျွန်တော့်ရင်တဆတ်ဆတ်တုန်လာသည်။ သွေးများလည်း ဆူလာသည်။

"ရှက်ရင်ပြော၊ မပြောရင် တစ်သက်လုံးမလွှတ်တော့ဘူး"

"လွှတ်ပါကွယ်၊ လူမြင်ကွင်းကြီးထဲမှာ သူသိပ်ကဲတာပဲ"

ကျွန်တော့် အထွေးအပွေ့သည် ပို၍တင်းကျပ်လာသည်။ ကျွန်တော့်အသံသည် မသိမသာတုန်လာ၏။

"ကဲ . . . မပြောဘူးလား ခင်လေး၊ ကျွန်တော့်စိတ်တွေ ဖောက်ပြန်လာပြီနော်။ မပြောရင် ဖက်နမ်းမှာပဲ"

"ဟော့...မလုပ်နဲ့၊ မလုပ်နဲ့။ ပြောမယ်၊ ပြောမယ်"

"ကဲ ... ပြော"

သူ ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်သည်။ ကျွန်တော် ရွှန်းရွှန်းစားစားကြည့်နေသော အကြည့်ကြောင့် ကျွန်တော့်ရင်တွင် မျက်နှာဝှက်လိုက်ပြီး -

"ချစ်တယ်၊ ချစ်တယ်။ ကဲ . . . လွှတ်"

ကျွန်တော် သူ့မျက်နှာကို ညင်သာစွာ ပင့်မလိုက်ရင်း -

"တကယ်နော် ခင်လေး၊ တကယ်ချစ်တယ်နော်"

မျက်နှာနှစ်ခုသည် နီးကပ်လာ၏။

သူ့မျက်နှာတွင် အရိပ်လေးတစ်မျိုးကို တွေ့ရသည်။ အသံမှာ မောဟိုက်သံပါလာ၏။

"ချစ်ပါတယ်လို့ ပြောပြီးပြီပဲကွယ်"

"ကိုယ် ခင်လေးကို သိပ်ချစ်တယ်ကွာ"

ကျွန်တော့်မျက်နှာသည် ဆတ်ခနဲ တိုးကပ်သွား၏။ သူ့ထံမှ ညင်သာသော ညည်းသံလေး ကြားလိုက်ရသည်။

မျက်လုံးချင်း ခဏလေးဆုံသည်။ သည်ခဏလေးတွင် ခင်လေး၏ မျက်ဝန်း၌ စကားလုံးပေါင်း ကုဋေကုဋာ တွေ့ရ၏။ ခရမ်းပြာရောင် ထိကရုံးပွင့်လေးများသည် မျက်နှာလွှဲသွားကြ၏။ သစ်ရွက်စိမ်းလေးများသည် မမြင်ဟန်ပြုလိုက်၏။ လေပြည်လေညင်းများသည်ပင် ကျွန်တော်တို့နှစ်ယောက်အကြားမှ ဖြတ်သွား၍မရတော့။ ကျွန်တော် သဘောကျစွာ ရယ်မိသည်။ အစ်ကိုဆိုသော အသုံးကို ပေါ်ဦးနှင့်ပတ်သက်၍ ပထမဆုံးကြားရခြင်း




ခရမ်းပြာရောင် ထိကရုံးပွင့်လေးများသည် မျက်နှာလွှဲသွားကြ၏။

သစ်ရွက်စိမ်းလေးများသည်မမြင်ဟန်ပြုလိုက်၏။

လေပြည်လေညင်းများသည်ပင် ကျွန်တော်တို့နှစ်ယောက်အကြားမှ ဖြတ်သွား၍မရတော့။ ချစ်တယ် . . . ခင်လေးရယ်။

* * * * *

( ၈ )

"ကဲ . . . မှတ်ထား၊ ကဲဦး . . . ကဲဦး"

တဖြုန်းဖြုန်းထု၍ ခင်လေးက ကျွန်တော့်ရင်ခွင်ထဲမှ ရုန်းထသည်။ ကျွန်တော် ရယ်၍လွှတ်ပေးလိုက်၏။

"လူတွေတော့ မြင်သွားပြီလား မသိဘူး"

သူက ကပျာကသီ ပတ်ဝန်းကျင်ကို စူးစမ်း၏။ ကျွန်တော်က သူ့နောက်ဘက်ကိုကြည့်၍ မျက်လုံးပြူးပြီး -

"ဟာ . . . ဒုက္ခပဲ၊ ဟိုမှာ ကြည့်နေတယ်"

"ဟင် . . . ဘယ်သူလဲ"

သူက ချာခနဲလှည့်ကြည့်၏။ သူ့အကြည့်တွင် ဘာမှမတွေ့သဖြင့်-

"ဘယ်မှာလဲဆို"

"ဟိုမှာလေ"

ကျွန်တော်ပြသည့်နေရာ သစ်ကိုင်းပေါ်တွင် ငှက်ကလေးတစ်ကောင်သည် ငုတ်တုတ်လေး ထိုင်နေ၏။

"အို . . . ဘာမှန်းလဲမသိဘူး။ ခင်လေးက အစ်ကိုတို့များ ပြန်လာပြီလားဆိုပြီး လန့်သွားတာပဲ"

ကျွန်တော် သဘောကျစွာ ရယ်မိသည်။ အစ်ကိုဆိုသော အသုံးကို ပေါ်ဦးနှင့်ပတ်သက်၍ ပထမဆုံးကြားရခြင်း။ ပေါ်ဦးဆိုမှ မေးစရာလေးများကို သတိရသည်။

"ခင်လေးနဲ့ ပေါ်ဦး မောင်နှမဆိုတာ အစက ဘာလို့မပြောတာလဲ ခင်လေး"

ခင်လေးက နှစ်နှစ်ခြိုက်ခြိုက်ရယ်သည်။

"အစ်ကိုက ဒီဇာတ်မှာ ဒါရိုက်တာပဲ ကိုထွန်းဝေ။ သူ့သာမေးကြည့်၊ သူအကုန်သိတယ်"

ကျွန်တော်က ရယ်၍ ခေါင်းညိတ်ပြီး

"အင်း . . . ဟုတ်တယ်၊ ဒီနေရာမှာ စကားသိပ်ပြောပြီး အချိန်ဖြုန်းဖို့မကောင်းဘူး"

သူ့မျက်နှာ ရဲခနဲဖြစ်သွားပြီး

"အို . . . ခင်လေးပြောတာ ဒီလိုမဟုတ်ဘူး။ ခင်လေး အဲဒီကိစ္စတွေ ရှက်လို့ ပြန်မပြောချင်တာ။ ဟာကွာ . . . ကိုထွန်းဝေက သိပ်ဆိုးတာပဲ။ ဒါဆို ခင်လေး သွားတော့မယ် "

ကျွန်တော်က ထဟန်ပြင်နေသော သူ့ကို လှမ်းဆွဲ၍

"အမယ်လေး . . . ဒီလိုတော့ မလုပ်ပါနဲ့ ခင်လေးရယ်၊ ကျွန်တော် မပြောတော့ပါဘူး"

သူက မျက်စောင်းထိုး၍ စူအောင့်အောင့် လေသံဖြင့်

"ဟင်း . . . သူ သိပ်ကဲတာပဲ၊ လူကြည့်တော့ ထုံသလို 'အ'သလိုပုံ လူရိုးပုံလေးနဲ့ လူဖြင့်မတွေ့ရသေးဘူး၊ ဖက်လားပွေ့လား"

သူ့ဘာသာသူ စကားတန့်သွားသည်။ ကျွန်တော်ကဝင်၍

"ပြောလေ ခင်လေး၊ နောက်ဘာရှိသေးလဲ"

"သွား"

နှစ်ယောက်သား ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

လောကကြီးထဲက လောကအလှလေး နှစ်ခု

"ကိုထွန်းဝေ"

ခင်လေး အသံက နားထဲသို့ ထောင့်တောင့်တောင့် ဝင်သည်။

"ပြော . . . ခင်လေး"

"ခင်လေး ကိုထွန်းဝေကို ပြောထားစရာလေး ရှိတယ်"

ကျွန်တော် မရွှတ်နောက်ဘဲငြိမ်၍ နားထောင်နေလိုက်၏။ သူ့မျက်နှာတွင် လေးနက်မှုလေးများကို မြင်ရသည်။

"ခင်လေး ပြောတာကို သေသေချာချာ နားထောင်ပါ ကိုထွန်းဝေရယ်။ ကိုထွန်းဝေက ခင်လေးအစ်ကိုရဲ့ သူငယ်ချင်းဆိုတော့ ခင်လေးထက် အသက်လည်းကြီးပါတယ်၊ အတွေးအခေါ်လည်း ပိုရှိပါတယ်။ ခင်လေးလေ ကိုထွန်းဝေကို အစ်ကိုလိုလည်း အားကိုးတယ်၊ ပြီးတော့ ချစ်သူလိုလည်း ချစ်ပါတယ်"

ဖြူစင်နုသန့်နေသော ခင်လေး၏ မျက်နှာလေးကို တမြတ်တနိုး ကြည့်လိုက်မိသည်။ မရှိဘူးဆိုတာတောင် ခင်လေးသည် ကျွန်တော့်ထက် နှစ်နှစ်လောက်ငယ်ပေလိမ့်မည်။

"ခင်လေး တစ်သက်မှာ ခုထိ ဘယ်ယောကျ်ားလေးကိုမှ စိတ်မဝင်စားခဲ့ပါဘူး။ ကိုထွန်းဝေဟာ ခင်လေးရဲ့ ချစ်ဦးသူပါ"

ရင်ထဲမှာ နွေးထွေးသော ခံစားမှုလေးဖြင့် ငြိမ်းချမ်းသွား၏။

"ပြီးတော့ ခင်လေးမှာ ဆုံးဖြတ်ချက်တစ်ခုရှိတယ်။ ချစ်သူတစ်ယောက်ကို ခင်လေး ဘယ်တော့မှ လွယ်လွယ်နဲ့မရွေးဘူး။ ရွေးပြီးလို့ ကိုယ်တကယ်ချစ်ပြီဆိုရင်လည်း ဘာမဆို ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ချစ်မှာပဲ။ တစ်သက်မှာ တစ်ယောက်ပဲချစ်ပြီး တစ်ချစ်ကိုပဲ တစ်သက်လုံး ပိုင်ဆိုင်ချင်ပါတယ်ရှင်"

မြတ်နိုးမှုတန်ဖိုးသည် အမြင့်မားဆုံး အတိုင်းအတာအထိ မြင့်တက်သွား၏။

"ဒါပေမဲ့ ကိုထွန်းဝေ၊ ခင်လေးတို့ ချစ်ခရီးလမ်းက လွယ်လွယ်ကူကူတော့ သွားရလိမ့်မယ်မထင်ဘူး။ ခင်လေးရဲ့စိတ်နဲ့ ခင်လေးရဲ့ မိဘအသိုင်းအဝိုင်းရဲ့စိတ်က မတူဘူး။ ဒီတော့ ခင်လေးနဲ့ ကိုထွန်းဝေ နှစ်ယောက်စလုံးမှာ တစ်ဖက်က စောင့်စည်းမှု၊ ထိန်းသိမ်းမှုတွေလိုသလို တစ်ဖက်ကလည်း စွန့်စားမှု၊ ကြိုးစားမှုတွေ လိုလိမ့်မယ်ထင်တယ်"

ကျွန်တော် သက်ပြင်းချလိုက်၏။ ခေါင်းလည်း တဆတ်ဆတ်ညိတ်၍ နားထောင်သည်။ ခင်လေးစကားအဆုံး ကျွန်တော်စကားစသည်။

"ကျွန်တော် သဘောပေါက်ပါတယ် ခင်လေးရယ်။ ဖြုန်းစားကြီးပျော်နေလို့ ခင်လေးကို မပြောသေးတာပါ။ အခြေအနေ အရပ်ရပ်ဟာ ခင်လေး မပြောလည်း မြင်သာပါတယ်။ ဒီအတွက် ကျွန်တော် အမြဲကြိုးစားပါ့မယ်၊ စွန့်စားပါ့မယ်။ ကျန်တဲ့တစ်ဖက်ဖြစ်တဲ့ စောင့်စည်းထိန်းသိမ်းမှုအတွက်ကတော့ မစိုးရိမ်ပါနဲ့ ခင်လေး။ ကျွန်တော် ..."

သူ ကျွန်တော့်ကို မော့ကြည့်သည်။ ကျွန်တော် သူ့ကို စူးစူးစိုက်စိုက်ကြည့်ရင်း

"ခင်လေးနဲ့ လက်ထပ်တဲ့နေ့ မရောက်မချင်း အထိန်းအကွပ်မဲ့ ကျွန်တော် ဘယ်တော့မှမနေပါဘူး။ ကျွန်တော့် စိတ်ဓာတ်ကလည်း ကျွန်တော့်ကို ခွင့်မပြုပါဘူး။ ပြီးတော့ ဒီတစ်သက် ခင်လေးကလွဲလို့ ဘယ်သူ့ကိုမှ စိတ်နဲ့တောင် မပြစ်မှားပါဘူး"

"ဝမ်းသာလိုက်တာ ကိုထွန်းဝေရယ်"

သူ့မျက်နှာတွင် ကျေနပ်မှု အပြုံးလေးများကို မျက်ရည်ဝိုင်းနေသော မျက်လုံးများနှင့်အတူ တွေ့လိုက်ရ၏။

"အဲ . . . ဒါပေမဲ့ ဒါတော့မကောင်းဘူး ခင်လေး"

"ဘာလဲ ကိုထွန်းဝေ"

"အဲဒါပေါ့ ခင်လေး"

သူ နားလည်ပုံမပေါ်၊ မျက်လုံးဝိုင်းလျက် ကျွန်တော့်ကို ကြည့်၏။

"အဲဒီ ကိုထွန်းဝေ ဆိုတာကိုပေါ့ ခင်လေး"

သူသဘောပေါက်သွားသည်။ အရှက်ဖြင့် မျက်လွှာချရင်း-

"ဒါဖြင့် ခင်လေး ဘယ်လိုခေါ်ရမလဲ"

"ခင်လေး သဘောနဲ့ ခေါ်ချင်သလို ခေါ်ပါ။ ဒီ ကိုထွန်းဝေဆိုတာ ကြီးသာ . . ."

သူပြုံးသည်။ ခေါင်းညိတ်ပြသည်။ **(ဆက်လက်ဖော်ပြပါမည်)**

စာရေးဆရာ နွမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။ **စာတည်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ်(၈၈-၂၃)၊ ဦးပိုင်အမှတ်(၉၄-က)၊ ၅၄x၅၅ လမ်းကြား၊ ၁၀၈x၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသန်းငွေ၊ ဒေါ်ခင်ဝင်းချို တို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၀၈၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝေဝေမြင့် [၅/ကနန(နိုင်)၀၂၇၂၆၆]က အမှုတွဲအမှတ် (၃၆၄၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာအောင်မြေအနောက်ရပ်ကွက်၊ အကွက်အမှတ်(၅၂၆)၊ ဦးပိုင်အမှတ်(၅၇-က)၊ ၃၈x၃၉ လမ်းကြား၊ ၈၃x၈၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်မြမြထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၉၄၂/၂၀၂၄) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်မြင့်မြင့် [၉/မရတ(နိုင်)၀၅၅၄၇၆]က အမှုတွဲအမှတ် [၀၄၄၉/ဘ(ပြောင်း) ၂၀၂၄-၂၀၂၅]ဖြင့် ဘိုးဘ/အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ ဇဝန(မင်္ဂလာရိပ်သာ)အိမ်ရာကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက Redevelopment Plan အရ အသစ်ပြန်လည်ဆောက်လုပ်ခဲ့ပြီးနောက် မူလတိုက်အမှတ် (၇)၊ အခန်းအမှတ်(၂) နေထိုင်သူအား မဲနှိုက်၍ ပြန်လည်ပေးအပ်သည့် ဇဝန(မင်္ဂလာရိပ်သာ)အိမ်ရာ၏ တိုက်ခန်းအမှတ်- ၁၀၆ တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေများဖြစ်သော ဒေါ်အေးအေးမြင့်၊ ဒေါ်သင်းသင်းမော်၊ ဦးကျော်ကျော်နိုင်၊ ဒေါ်နီလာထွန်း၊ ဦးဘိုဘိုထွန်းတို့၏ဖခင် ဦးထွန်းရွှေ(ကွယ်လွန်) ကျန်ရစ်ခဲ့သော အမွေဆိုင်တိုက်ခန်းဖြစ်ပါကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေများ၏ သဘောတူခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ တစ်နည်းနည်းဖြင့် စီမံခန့်ခွဲလွှဲပြောင်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ**
**ဒေါ်အေးအေးမြင့် ၊ ဒေါ်သင်းသင်းမော်၊**
**ဦးကျော်ကျော်နိုင်၊ ဒေါ်နီလာထွန်း၊**
**ဦးဘိုဘိုထွန်း**

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးမျိုးညွှန့် LL.B (ဖျာပုံ)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၈၇၂၆/၂၄-၁-၂၀၁၃)**
**အမှတ်-၂၈၊ ပထမထပ်၊ ၁၄၁-လမ်း၊**
**မအူကုန်းရပ်ကွက်၊ တာမွေမြို့နယ်။**
**ဖုန်း- ၀၉-၄၅၀၀၁၂၇၀၆၊ ၀၉-၇၈၈၂၀၄၁၂၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်-၇၇၄/ခ၊ မြေကွက်တည်နေရာအမှတ် (၇၇၄/ခ)၊ ဗြဟ္မစိုရ်လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးခင်ဇော်[၁၂/ဥကတ(နိုင်) ၁၁၅၇၄၃]၊ ဦးသိန်းနိုင်[၁၂/ဥကတ(နိုင်) ၀၇၄၇၁၂]၊ ဒေါ်အေးအေးမြင့် [၁၂/ဥကတ(နိုင်) ၀၉၅၄၇၈] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်ကို အမည်ပေါက်များကိုယ်တိုင်မှ ဂရန်မူရင်းမှာ လက်ဝယ်တွင် အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားပြီး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်ထားခြင်း၊ လှူဒါန်းထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ခဲ့ပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ (၁၃၄၄/၁၅-၁-၂၀၂၄) ဂရန်မူရင်းပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ဝန်ဆောင်ခတို့ ပူးတွဲတင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ကိုယ်စား)**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၊ရွှေဂုံတိုင်လမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့်၊မြေကွက်အမှတ် ဟုခေါ် တွင်သော မြေပေါ် ရှိ ဆောက်လုပ်ထားသည့် ၁၀-ထပ်တိုက်၏ တိုက်အမှတ်(67-C)၊ အခန်းအမှတ်(BB)၊ ၁-လွှာ၊ Ground Floor, Yuzana Condominium, တိုက်ခန်းအကျယ်အဝန်း(၂၅ × ၅၀)ပေရှိ ရေမီးစုံ Condoတိုက်ခန်းကို

**အပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

ဖော်ပြပါCondoတိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့် ပိုင်ဆိုင်သူ **ဒေါ်အေးအေးမြင့်** (၁၂/စခန(နိုင်)၀၁၃၅၂၅)ထံမှ ကျွန်ုပ်တို့မိတ်ဆွေ **ဒေါ်ကျင်စိုး** (၁၀/ရမန(နိုင်)၀၀၂၅၅၉)က အပြီးအပိုင်ဝယ်ယူရန်အတွက် တိုက်ခန်း၏တန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို (၉-၉-၂၀၂၄)ရက်နေ့တွင် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ **(၁၄)ရက်**အတောအတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကိုကျော်လွန်ပါက ယခုအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ကျင်စိုး ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြတ်မင်းသိန်း(LL.B)** DL.101(IP),WIPO(Switzerland) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄ရ၀၁)

**ဒေါ်သက်သက်ဆွေ(LL.B)** DL.101(IP),WIPO(Switzerland) အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄)

အမှတ်(၁၁၄၈)၊ယသသဝတီ(၁၇)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
Phone no - 09-968245587 , 09-448031054 , 09-764428101.

## "အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ ဦးဖိုးလမ်း၊ တိုက်အမှတ်- (၂၇)၊ နှစ်ခန်းတွဲ (၆)ထပ်တိုက်၏ မြေညီ/ထပ်ခိုးပါ (ခေါင်းရင်းခန်း)၊ (၁၂ပေခွဲx ၅၅ပေ)ပေရှိ နေအိမ်တိုက်ခန်းအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားအရပ်ရပ်အားလုံးသည် ၁။ ဦးစိန်ထွန်းဟန် [၁၂/ဒလန(နိုင်)၀၃၂၀၇၇]၊ ၂။ ဦးလှိုင်သန်းဦး[၁၂/အစန(နိုင်)၁၂၂၉၁၃]တို့က (၂၄-၇-၂၀၂၄)ရက်စွဲပါ နှစ်ဦးသဘောတူအရောင်းအဝယ်ကတိစာချုပ်အရ ဒေါ်သီတာအေး [၁၂/ဥကတ(နိုင်) ၁၀၁၈၈၃]ထံမှ ဝယ်ယူလက်ရောက်ပိုင်ဆိုင်ထားပြီး တရားဝင်ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အထွေးကင်းရှင်းကြောင်းဝန်ခံလျက်ပိုင်ဆိုင်စာရွက်စာတမ်းမူရင်းများနှင့်တကွ အခန်းအား တရားဝင်လက်ရှိထားစီမံခန့်ခွဲလျက်ရှိကြောင်း ဝန်ခံကတိပြုပြီး အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ဤကြေညာချက်ပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက် အထားမူရင်းဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေအရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဇော်မြတ် ( LL.B ) တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၀၉)**
**အမှတ်-၁၇၈၊ အခန်း(၅)၊ ဒုထပ်၊ ဗိုလ်အောင်ကျော်လမ်း၊**
**ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၀၈၂၁၉၂ ၊ ၀၉-၅၄၁၂၇၅၊ ၀၉-၉၇၅၅၅၇၇၄၅**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၄/မြောက်၊ မြေကွက်အမှတ်- ၂၀၃/က၊ ဧရိယာ (၂၀ပေx ၆၀ပေ)၊ မြေကွက်တည်နေရာအမှတ် (၂၀၃-က)၊ အောင်ဇေယျလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ဌေး [၁၂/သကတ(နိုင်) ၀၁၈၃၈၁] အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ဌေး [၁၂/သကတ(နိုင်) ၀၁၈၃၈၁]၊ (မိခင်)နှင့် ဦးစန်းတင့် (ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်လှဌေးမြင့် [၁၂/သကတ(နိုင်) ၀၁၇၇၂၁]မှ ကွယ်လွန်သူမိဘများတွင် မိမိတစ်ဦးတည်းကိုသာ မွေးဖွားခဲ့ပါကြောင်း၊ ကွယ်လွန်သူမိဘများနှင့် မိမိသည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ပြီး မိမိကသာလျှင် တရားဝင်အမွေဆက်ခံခွင့်ရှိသူဖြစ်ပြီး မိမိတစ်ဦးတည်းမှလွဲ၍ အခြားကိတ္တိမသားသမီး တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဗုဒ္ဓဘာသာဝလေ့ထုံးတမ်းဥပဒေအရ မိမိမှသာ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး အခြားအမွေဆက်ခံပိုင်ခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်ခင်ဌေး(မိခင်) နှင့်ဦးစန်းတင့်(ဖခင်)တို့၏ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ဃ-တိုးချဲ့ (သီရိကန်သာ)၊ မြေကွက်အမှတ် (၁၇/အီး)၊ ၀.၀၈၃ ဧက၊ မြေကွက်တည်နေရာအမှတ် (၁၇/အီး)၊ သီရိကန်သာလမ်း၊ ဃ-တိုးချဲ့(သီရိကန်သာ)ရပ်ကွက်၊ ဦးတင်မောင်ရည် [၁၃/မဘန(နိုင်) ၀၁၀၉၇၁]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်ဦးတင်မောင်ရည်ထံမှ (၂၀-၁၀-၂၀၁၄)ရက်စွဲပါ အရပ်ကတိစာချုပ်ဖြင့် ဒေါ်ခင်မျိုးခိုင်မှ ဝယ်ယူခဲ့ပြီး (၁၄-၇-၂၀၁၆)ရက်နေ့တွင် ဒေါ်ခင်မျိုးချိုင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးအောင်ညို (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးမြတ်သီတာ)မှ မရမ်းကုန်းခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်- ၁၉၁/၂၀၂၃ ဖြင့် ဒေါ်ခင်မျိုးခိုင်နှင့် ဦးတင်မောင်ရည်တို့အပေါ် ပဋိညာဉ်အတိုင်း မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၁၃-၁၀-၂၀၂၃) ရက်နေ့က အထက်ဖော်ပြပါ မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး ယင်းတရားရုံး၏ တရားမဇာရီမှုအမှတ်- ၁၆၃/၂၀၂၃/၂၈-၁၂-၂၀၂၃ ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်ခင်နှင်းရီ [၁၂/မရက(နိုင်) ၁၅၃၈၂၆]မှ ဖော်ပြပါတရားရုံးအမိန့်များ၊ ဘီလစ်ခန့်အပ်စာနှင့် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## "အိမ်ခြံမြေ ဝယ်ယူမည်"ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးဇော်နိုင်ဝင်း [၁၁/ရဗန(နိုင်) ၀၃၈၅၆၈]နှင့် ဒေါ်မျိုးမျိုးခိုင်[၁၁/ရဗန(နိုင်) ၀၄၄၄၁၀]တို့သည် **"ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၄၊ (၃၄)ရပ်ကွက်၊ သင်းဝင်(၆)လမ်း၊ မြေကွက်အမှတ်-(၁၀၁၄) ဟုခေါ်တွင်သော အကျယ် (၄၁x၆၀)ပေရှိ မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး"**တို့အား တရားဝင်ပိုင်ဆိုင်သူများဖြစ်သော "ဦးသိန်းစံ [၁၂/အစန(နိုင်) ၀၄၂၅၇၆]နှင့် ဒေါ်ချိုချိုသီ [၆/မအရ(နိုင်) ၀၀၆၇၀၁]"တို့ထံမှ တရားဝင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ကျွန်ုပ်တို့ထံသို့ ခိုင်လုံသည့်စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စ အထမြောက်စေရန်အတွက် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မေသဥ္စာသိန်း(LL.B)(စဉ်- ၁၄၅၉၈) ဒေါ်ပွင့်သူဇာ(LL.B)(စဉ်-၁၄၅၉၂)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၃၄၅)၊ နဝရတ်(၃)လမ်းအောက်၊ (၈)ရပ်ကွက်၊**
**သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉-၄၂၁၁၁၇၂၀၄၊ ၀၉-၂၆၂၆၈၅၇၄၄၊ ၀၉-၂၆၄၆၉၇၉၀၉**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁) ရပ်ကွက်၊ မြို့ဟောင်း (၄)လမ်း၊ အမှတ်- ၆၈/ဋ္ဌ-၁၈/A မြေပေါ်တွင် ဆောက်လုပ်ထားသည့် တိုက်အမှတ်- ၃၁၉၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ပထမထပ်၊ ၂-လွှာ၊ (ခေါင်းရင်းခန်း) ၊ အကျယ် (၁၂' ၆''x ၄၈')ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နွယ်နွယ်လွင် [၉/မလန(နိုင်) ၁၁၃၁၁၂]မှ မိမိတစ်ဦးတည်းပိုင်ဆိုင်၍ လွှဲပြောင်းရောင်း ချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသော ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင် ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးဟိန်းစိုး**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၆၄)**
**အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ဖခင်အမည်မှန်

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ သုဝဏ္ဏ၊ အ.ထ.က ပညာနန်းတော်၊ Grade-12 တွင် ပညာသင်ကြားနေသော မောင်နိုင်ဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးသန်းဇော်ဦး[၁၂/သကတ(နိုင်) ၂၁၇၇၄၄] ဖြစ်ပါကြောင်း။

**ဦးသန်းဇော်ဦး**

## ပတ်စ်ပို့ပျောက်

(ဘ) ဦးသိန်းလှိုင်၏သား နိုင်လင်းထွန်း [၁၄/မမန (နိုင်) ၃၆၈၃၇၆]၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၅၀၃၈၄၄၃၄**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဝင်းသိန်း၏သမီး ကျွန်မ မသန္တာကျော် [၁၄/ဓနဖ(နိုင်)၁၈၃၈၉၈]၏ OWIC ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၂၄၁၉၇၂**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်- ၁ ရပ်ကွက်၊ အကွက်အမှတ်(တ-၄)၊ ဦးပိုင်အမှတ်(၂၅)၊ ၆၂x၆၃ လမ်းကြား၊ ၁၀၃x၁၀၄ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်တင်တင်ဆွေ၏ (SP ရရှိသူ ဒေါ်ဇာဇာထက်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၀၇၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇာဇာခိုင် [၁/ဗမန(နိုင်)၀၈၂၈၉၇] က အမှုတွဲအမှတ် (၃၆၅၉/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

**အများသိစေရန်ကြေညာချက်**

